

ပီ-မိုးနှင်း
ဝတ္ထုပဒေသာအမှတ်-၉

mgyoe.com

# ပီ-မိုးနှင်း

## ဝတ္ထုပဒေသာအမှတ်-၉

mgyoe.com

mgyoe.com

**ပီမိုးနင်း ဝတ္ထုပဒေသာအမှတ်-၉**

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၀၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၄၀၆၁၂၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်းကို (ပန်းချီအောင်ကျော်)ရေးဆွဲပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေ၊ ရန်ကုန်နှင့် ပုံနှိပ်သူ-ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ - ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ခု၊ ဇန်နဝါရီလတွင် တန်ဖိုး ၁၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် သစ္စာ

၇၉၅ • ၇၃

ပီမိုးနင်း။

ဝတ္ထုပဒေသာအမှတ်-၉ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၁၉၉ မျက်နှာ၊ ၁၃ • ၂ စင်တီ× ၂၀ စင်တီ

(၁) ဝတ္ထုပဒေသာအမှတ် - ၉

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဘလချောင် ၁

၂။ မေ့တတ်သူ ၃၆

၃။ မရဏာ ၅၁

၄။ စံပယ်ဖြူ ၆၉

၅။ ရွှေငါး ၉၄

၆။ ရှက်တတ်သူ ၁၁၀

၇။ ကျွန်မယောကျ်ား ၁၂၇

၈။ အမြွောက်ကြိုက် ၁၅၇

၉။ ချမ်းသာလို့ ဆင်းရဲသူ ၁၈၆


❑

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# ဘလချောင်

ကြီးကြီးအေးရယ်၊ ကြီးကြီးအေး တူမကလေး ကြင်ကြင်အေးရယ်၊ အတူ ညစာစားကြသော ထိုနေ့ညနေ၌၊ ထမင်းပွဲမှာ ကျွန်တော်ပြောချင်ချင် ဆိုချင်ချင်ဖြစ်၍နေသော အကြောင်းအရာတစ်ခုကို ပြောရမည်မှာ၊ အတော် ပင် ခက်ခဲ၍နေပါသည်။ သို့အတွက် အိုးသူကြီးလုပ်ငန်းတာဝန်၌ စီအိုင်အီး– အိုဘီအီးဘွဲ့များရလောက်အောင် တစ်ဖက်ကမ်းခတ်သော၊ ကြီးကြီးနှင့် ရွယ်တူမျှဖြစ်သဖြင့် ဘကြီးကင်း ဒူလာလိပ်ခေါင်းရောဂါနှင့် အနိစ္စ မရောက်မီ သုံးလနဲ့ လေးရက်စွန်းလောက်ကတည်းကစပြီး ကြီးကြီးအေး ၏အိမ်မှာ ကပ္ပိယလုပ်လာခဲ့တဲ့ ကိုဘိုးအောင်ချက်တဲ့ဟင်းတောင် စားလို့ ကောင်းမှန်းဆိုးမှန်းမသိ။ ဖွဲကို ဝါးမျိုမိသလိုဖြစ်၍နေပါသည်။ ကြီးကြီး အေး ခေါ်ပေမယ့် အေးတတ်သော ကြီးကြီးအေး မဟုတ်။ မကောင်းဆိုးဝါးသတင်း များကို အခုလိုထမင်းစားခိုက်အခါမှာ ကြီးကြီးအေးကို ပြောရန်ရှိသည့်အခါ များ၌ ပြောရမည့်ပုဂ္ဂိုလ်မှာ ခံတွင်းရော၊ ပါးစပ်ရောပျက်ပြီး၊ ရသာကြောတွေ ထုံကျဉ်ကိုက်ခဲသွားသလို ဖြစ်တတ်သည်မှာ ကျွန်တော်အသိဖြစ်ပါသည်။

ပြောလျှင် ဇာက်ပင် ကြိုက်မှာမဟုတ်။ မကြိုက်လျှင်လည်း ငယ်စဉ် အခါက ပေါင်ကြားဘောက်ဖတ်တုပ်မိဖူးသောကြောင့်လားမသိရ။ ဖြူဆူး လို စူးစူးရှရှ ပြောတတ်ဆိုတတ်သော ကြီးကြီးပေတကားဟူ၍ တွေးဆ

mgyoe.com

ဆင်ခြင်ကာ ကျွန်တော့်မှာ ဝန်တင်နွားတောင်တက်၏ အလားကဲ့သို့ ဖြစ်၍ နေပါသည်။

သို့သော်လည်း မပြောမပြီး၊ မတီးမမြည်ဆိုသည့် စကားပမာလို စွန့်စားကာ ပြောရတော့မှာပဲဟု အားယူကာ "ကြီးကြီး"ဟု ကျွန်တော်က စလိုက်ပါသည်။

"ဟင်"

"ကြီးကြီး ဟိုနေ့ကပြောတဲ့ ဟိုဒင်းလေ၊ အဲ ... ဒါ ... ကျွန်တော်..."

"ဘာဒင်း၊ ဘယ်ဟာ"

"ဟိုသာယာဝတီ သူပုန်တွေသွားကြည့်ဖို့ဆိုတာလေ"

"အေး ဘာဖြစ်သလဲ"

"ကျွန်တော် လိုက်ရမယ်ဆိုတာလေ။ ကျွန်တော်လည်း ဒီနေ့ကို သိပ်မျှော်နေတာပဲ။ သွားရရင် အင်မတန်ပျော်စရာကောင်းမှာပဲ။ သေလိုက်ကြတာ လင်းတတွေဝဲလို့ ကြားတာပဲ။ သူပုန်သမီးကလေးတွေလည်း အများကြီး ဆိုပါကလား"

"အေး ဒါဘာဖြစ်သလဲ"

ကျွန်တော်၏လည်ချောင်းထဲ၌ ထမင်းလုတ်သည် ကျွန်တော် ဘာစကားပြောမည်ကို ရပ်တန့်ကာ စောင့်၍ချောင်း၍ နားထောင်ချင်သလို တမင်သက်သက် ရပ်၍နေသောကြောင့် မနည်းကြီးမျို၍ ချနေရသဖြင့် စကားချက်ချင်းမဆက်နိုင်ဘဲတစ်အောင့်ကလေး ဆိုင်းရပ်နားနေအပန်းဖြေ၍ နေလိုက်ရပါသည်။ ထိုနောက်မှ

"အဲဒါ ကျွန်တော်မလိုက်နိုင်တာ သိပ်ဝမ်းနည်းတယ် ကြီးကြီးရယ်"

ကြီးကြီးအေးသည် ထမင်းလုတ်ကို ကိုင်မြှောက်ရာ ခံတွင်းသို့ မရောက်မီ လမ်းခုလတ်သာသာကလေးလောက်မှာ လက်ထဲ၌ ထမင်းလုတ်ကို ချိန်ဆသလိုလုပ်လျက်၊ ကျွန်တော်၏မျက်နှာကို ထိုထမင်းလုတ်နှင့် ပက်များပက်ချင်သလို အမူအရာတစ်မျိုးကြီးနှင့် ကျွန်တော့်အားဖြဲ၍ကြည့်နေပါသည်။

mgyoe.com

"ဘာဖြစ်လို့ မလိုက်နိုင်ရမှာလဲ"

"အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့ပါ။ ကျွန်တော် အခုလို အခါမှာ ဒီရန်ကုန်မြို့က အထင်အရှား လူသိနတ်ကြားသော်လည်းကောင်း ရုပ်ဖျက်မထင်မရှားသော်လည်းကောင်း ထွက်ခွာဖို့ရက်အခါ မဟုတ်သေးဘူးလို့ ကျွန်တော်အောက်မေ့တယ် ကြီးကြီးအေးရဲ့"

"နို့ ... အရင်ကတော့ နင်လိုက်မယ်ဆို၊ အခု ဘာစကားပြောတာလဲ"

"ကျွန်တော်တော့ လိုက်နိုင်မယ်မထင်ဘူး။ လိုက်ကိုလိုက်နိုင်မှာ မဟုတ်ပါဘူး ကြီးကြီးရယ်"

"ဘာဖြစ်လို့လဲ။ ဘယ်ကောင်မ တင်ပါးနားမှာ လေညင်းခံရဦးမလို့လဲ။ တစ်ယောက်ယောက် ရှိနေပေါ့လေ"

ကြီးကြီးအေးပြောပုံကို စိတ်ထဲ၌ နားကြားပြင်းကပ်သလို ကျွန်တော့်မှာ ဖြစ်၍သွားသော်လည်း တော်တော်ပါးတဲ့ဟာကြီး ပေကလားဟူ၍လည်း တွေးပြီး အတော်ကြီး အံ့သြခြင်းဖြစ်လျက်၊ စုံထောက်ဉာဏ်ပဲဟု တွေးလိုက်မိပါကြောင်း။

"ဟုတ်တယ် ကြီးကြီးအေးရဲ့၊ ကြီးကြီးတွေးတဲ့တိုင်းပဲ။ ကျွန်တော်တော့ တွေ့နေတာပဲ။ ဒါလည်း စိတ်ပါလှလို့မဟုတ်ပါဘူး။ သူများရသွားမှာ စိုးတာပါပဲ"

"ဘယ်သူတဲ့လဲ၊ ဘယ်ကလဲ"

"မအစေးလို့ ခေါ်ပါတယ်။ အစေးလို့ ကျွန်တော်က ခေါ်တာပဲ"

"ဘာနာမည် အစေ့ ... ဘယ့်နှာ"

"အစေး ... ကြီးကြီးရဲ့။ အစေးပါ။ ဘယ်ကအစေ့ရမလဲ။ ကြီးကြီးလည်း တော်တော်ခွကျတာပဲ"

"နင့်နာမည်က ခွဟဲ့၊ ငါကခွမဟုတ်ဘူး၊ ဒီနာမည်မျိုးရှောင်၊ အိုအောင်မဆင်းရဲဘူး။ ကြံကြံစည်စည်တော် အစေးဆိုတာမှရအောင်ရှာတတ်လွန်းတော်။ ဒီနာမည်မျိုးရှိတဲ့ မိန်းမမျိုးဟာ အိမ်ထောင်ဘက်မပြုကောင်း

mgyoe.com

mgyoe.com


ဘူး။ ဟောငါပြောမယ်၊ မွေးရှင်၊ မယ်စို၊ ဘုဒို၊ လုပ်ကလေး၊ အထူးသဖြင့် မယ်စေးဆိုတဲ့နာမည်မျိုးဟာ ဘယ်တော့မှ မကောင်းစားဘူး။ ဒီနာမည် မျိုးနဲ့ တံဆိပ်ထိုးထားတဲ့ မိန်းမမှန်ရင်၊ ဘယ်တော့မှ မကောင်းစားဘူးဆို တာ မသေမချင်းမှတ်ထား၊ ဘယ်လိုသူငယ်မလဲ"

"တော်တော်ချောတယ် ကြီးကြီးရဲ့၊ ရန်ကုန်မှာမရှိသေးပါဘူး"

"အခု ဘယ်ရွာမှာနေလို့လဲ၊ ရန်ကုန်မှာမရှိသေးရင် ..."

"တူတာပြောပါတယ်ကြီးကြီးရယ်၊ သူတော့ ဒီမြို့မှာရှိတာပေါ့"

"သြော် ... ဟိုတစ်နေ့က ဗိုလ်စတိုင်ပါပါနဲ့၊ ဘတ်စ်ကားပေါ်မှာ နှုတ်ဆက်တဲ့ကောင်မ မဟုတ်လား"

"ဟုတ်တယ်၊ စပယ်ယာက ပိုက်ဆံယူရင်း လက်ကိုကိုင်မိလို့ ဆူတာ ရှလ ကြီးကြီးအမှတ်မိသားပဲ"

ကြီးကြီးအေးမှာ စိတ်အေးသလိုဖြစ်၍သွားပြီး ...

"သြော် ဒင်းဖြင့် အရေးမကြီးဘူး၊ အစေးလို့လည်းခေါ်တယ်၊ ဘတ်စ်ကားထဲမှာ စပယ်ယာကိုလည်းဆူတယ်။ ဒီမိန်းမမျိုးဟာ နင့်ကိုယူမယ်လို့ ငါမထင်ဘူး၊ စပယ်ယာတွေ၊ ဒရိုင်ဘာတွေနဲ့ရန်ဖြစ်ပြီး နင်အပေါက် ကလေးနဲ့စောစောစီးစီးသွားရရင်လည်းနင်တို့ညားဖို့လိုတော့မှာမဟုတ်ဘူး။ ကလေး တစ်ချက် စိတ်ချဖို့ရှိပါသေးရဲ့။ ဘယ်တုန်းကတွေ့ပြီး ဘယ်မှာ သိတာလဲ"

"ပွဲကြည့်ရင်းသိတာပဲ။ သူ ကျောင်းဆရာမ ကြီးကြီးရဲ့။ ပါချီပါချက် မှတ်လို့လား၊ ပုံဆွဲအင်မတန်တော်တယ်။ ပြပွဲမှာသူ့ကားတွေ နှစ်စဉ်စွန် တာပဲ"

"ဟင် ပန်းချီဆရာမပေါ့လေ"ဟု ပြောကာ ကြီးကြီး နှာခေါင်းကိုရှုံ့ ပြီး၊ နွားမှုတ်သလို နှာခေါင်းမှ မှုတ်လိုက်ပါသည်။

"သူရေးတဲ့ ကျွန်တော့်ပုံတူကားတစ်ခုတောင် ကျွန်တော့်အိမ်မှာ ချိတ် ထားသေးတယ်။ သာဂိတော့ တယ်ကြီးကြိုက်ဟန်မတူဘူး ဒီပုံကို"

"နင်နဲ့တူရင် မကြိုက်မှာတော့ မပူရပါဘူး။ အင်း တွေ့ရချေသေးရဲ့။

mgyoe.com

ဆရာမတဲ့။ ပန်းချီရေးသတဲ့လား။ အင်း ဘတ်စ်ကားပေါ်မှာ စပယ်ယာနဲ့လည်း ခွန်းကြီးခွန်းငယ် ပြောတဲ့မိန်းမ။ ဘာများမက်စရာရှိသလဲဟယ်။ ဒင်းထက်ချောတာတွေ သာယာဝတီမှာ သူပုန်ကတော်မုဆိုးမကလေးတွေ တစ်ခုလပ် အပျိုကလေးတွေ အများကြီးရှိပါသတဲ့။ ဒါလောက်နဲ့ အလည်အပတ် မသွားနိုင်အောင် ဖြစ်ရတာများ"

ထိုအခါ ကျွန်တော်က အဖြစ်အပျက်အခြေအနေကို သေချာစွာပြော၍ ပြရသည်မှာ။

"အခုအတောအတွင်းမှာ ကျွန်တော် ရန်ကုန်ကထွက်ခွာရင်၊ အမှားကြီးမှားမှာပဲ။ ဒါထက်ကြီးတဲ့ အမှားလောကမှာ ရှိမှာမဟုတ်ဘူး။ မိန်းကလေးများဆိုတာ အတော်ခက်တယ်။ မီးဝေးရင် ချိတ်အေးဆိုတဲ့စကားလိုပဲ။ တစ်နေ့မမြင်ရင် တစ်နှစ်မေ့တတ်တာမျိုး၊ ယောကျ်ားကလေးများနဲ့ တူတာမျိုးမဟုတ်ဘူး။ မျက်နှာအများလွယ်သား။ သူတို့မှာတော့ လေ့ကားသုံးထစ်ဆင်း အပျိုပြန်ဖြစ်တာပဲ။ ဘာကြောင့် လုံးလုံးကြီး စိတ်မချရသလဲဆိုတော့ကာ။ ရုပ်ကလေးချော၊ ဆရာမကလေးလည်းဖြစ်၊ ပန်းချီမှာလည်း ပြပွဲမှာစွန်၊ ကြိုက်သူတွေ့သိပ်များမှာ။ သည်တော့ငါ ပညာအတတ်သားပဲ။ ကိုသာဒွန်းအောင်ကိုမှ မရရင် ငါ့ပရိယေသန ဝမ်းစာ ငါရှာစားမှာပေါ့။ ဘယ်လင် ဘယ်သား ယူနေရဦးမှာလဲလို့ သူ့စိတ်မှာတွေးချင်မှ တွေးမှာကြီးကြီးရဲ့။ ပြီးတော့လည်း သာဆွဲဆိုတဲ့ ပန်းချီဆရာကလည်း ရှိသေးတယ်။ သူတို့ပညာသည်ချင်းဆိုတော့ အတော်ရင်းနှီးပြီး လက်ဆုံကျပြီး ပလဲနံပ သင့်ပြီး တိုင်ပင်ဖော် တိုင်ပင်ဖက် နှီးနှောဖော် နှီးနှောဖက်ဆိုတော့ အခက်သားလား ကြီးကြီးရဲ့။ ဘယ်သူ စိတ်ချပြီး ထားခဲ့နိုင်မှာလဲ။ ဒီသာဆွဲဆိုတဲ့ စုတ်တံသမားကလည်း ဆံပင်ခပ်လိမ်လိမ်နဲ့၊ တနင်္ဂနွေသားနဲ့တူတယ်။ ဆံပင်လိမ်နဲ့ တနင်္ဂနွေသားများဟာ ပေါ့ပေါ့မှတ်သလား ကြီးကြီးရဲ့။ အကြောက်ရသား၊ အကောက်တဲ့၊ အချိတ်တဲ့၊ မိအောင်ချိတ်မှာ။ ကျွန်တော်မရှိရင် လက်ကြဲထဲကျနေမှာ စိုးလွန်းလို့ပါ ကြီးကြီး။ သည့်ပြင်လည်း ဒီအကောင်ဟာ ကျွန်တော့်အစေးကို၊ သူမော်တော်ကားတိုင်ယာ အောက်က

mgyoe.com

မြေမှုန့်လောက် သဘောထားတာ။ ပြောပုံဆိုပုံ ထောက်ကြည့်လို့ သိရတာပဲ။ အစေးကိုတွေ့မှဖြင့်၊ အစေးဆံထုံးက ဘယ်လိုနေသလေး၊ ထဘီပန်းနားက "ကာလာကွန်ထရပ်"အရောင်စပ်ဘာဖြစ်သလေး၊ ဘာသလေး ညာလေးနဲ့ ထေ့တေ့တော့် အပြောတတ်သားကလား။ ကျွန်တော် တွေ့ခဲ့ကြုံခဲ့ရသလောက်ဖြင့်၊ ဒီလိုပြောတတ်တဲ့ အကောင်မျိုးဘက်ကို မိန်းကလေးများပါတတ်တာပဲ။ ဘယ်အတွက်ကြောင့်လဲတော့ မသိရဘူး။ အဲသည်အကြောင်းတွေကို ရှေ့အစွန်းနောက်အစွန်း ပုဗ္ဗန္တ အပရန္တ ဉာဏ်ဆပြီး ဆင်ခြင်လိုက်တဲ့အခါကျတော့၊ ကျွန်တော့်မှာ အတော်ပင်စိတ်မချစရာ အရေးကြီး ကြုံဖွေ့နေရတဲ့အခါ ဖြစ်နေတယ် ကြီးကြီး။ အဲဒါကြောင့် သာယာဝတီ သူပုန်သားမယား၊ တစ်ခုလပ်မုဆိုးမ အပျိုပေါက်စကလေးများကပင် ကျွန်တော့်အား အင်မတိအင်မတန် တွေ့ချင်လှပါသမှုနှင့် ဖိတ်မန္တကပင်ပြုစေကာမူ၊ အခုနေအခါမှာ ကျွန်တော် ရန်ကုန်မြို့က တစ်ဖဝါး ထွက်ရင် အမှားဘက်ကို အကြီးအကျယ်ရောက်မယ့်အရေးတွေကို ဖီးဖြူဖန်ခါး ရှစ်ရှားသီးများကို လက်ဝါးပြင်ပေါ်မှာ တင်ကြည့်သည့်အလား မျက်ဝါးထင်ထင် တရေးရေးမြင်လွန်းလို့၊ မလိုက်ခွင့်ကို တောင်းတာပါ ကြီးကြီးရယ်။ ကြီးကြီးစိတ်ဆိုးရင်လည်း ခံရမှာပါပဲ"

ကြီးကြီးအေးသည် ကျွန်တော် မခံချင့်ခံချင်ဖြစ်အောင် ရယ်လိုက်ပါသည်။

"စိတ်မဆိုးပါဘူး။ နင့်ကို သာဂိက ဒီကောင်မနဲ့ယူစေမှာ မဟုတ်ဘူး။ ငါသိတယ်"

"အမယ်မင်း ... ကြီးကြီးအေးရယ်၊ သာဂိက ကျွန်တော့်အစေခံ၊ ကျွန်တော့်ငယ်ကျွန်ပါ။ ကျွန်တော်လိုချင်တဲ့မိန်းမကို မယူရအောင်၊ သူက ဘာတတ်နိုင်မှာလဲ ကြီးကြီးရဲ့"

ကျွန်တော့်မှာ ဒေါသထွက်ပြီး၊ စားပွဲကို လက်ဝါးနဲ့ချမိသလား၊ လက်သီးပဲဆုပ်ပြီး ထုလိုက်မိသလား၊ သေသေချာချာတောင်မှ မမှတ်မိ။ တစ်ခုခုတော့ စားပွဲကိုလုပ်လိုက်မိသည်ဟု ယခုပင် မှတ်ထင်လျက် ရှိသေး

mgyoe.com

ပါသည်။

"နင် သူ့စကားကို မလှန်နိုင်ဘူးဆိုတာ ငါသိတယ်။ သူချက်သမျှ နင်စားရတယ်။ သခွားသီးနဲ့ တညင်းသီး နင်တို့ရရဲ့လား။ သာဂိမကျွေးလို့"

"ဒါကတော့ တခြားပါ။ မဆိုင်ပါဘူး ကြီးကြီးရယ်"

"ဒီလိုဖြင့် နင် ငါနဲ့လောင်းမလား။ သာဂိက နင်တို့မညားရအောင် ဖျက်စေရဲ့၊ ကိုင်းလေ ဘာတန်းလဲ"

"ကြီးကြီးကလည်း မဟုတ်တာတွေ ပြောနေပြန်ပါပြီ"

"အိမ်မှာချိတ်ထားတယ်ဆိုတဲ့ နင့်ကောင်မရေးတဲ့ပုံတောင်၊ သူ သဘောမကျရင် ဖြုတ်ပစ်စေရဲ့"

"ကျွန်တော် တစ်ခါမှမကြားဖူးသေးဘူး။ အစေခံက သခင်ကို ..."

"အဲဒါမကသေးဘူး။သာဂိက နင့်ကိုသာယာဝတီအရောက် မောင်းပို့လိမ့်မယ်။ ဘယ်လိုပို့မလဲတော့ ငါမသိဘူး။ မီးရထားရုံမှာ "ရီဇတ်" လုပ်ထားတဲ့ ငါတို့တွဲမှာ နင်ပါလာရမယ်သိလား မှတ်ထား။ နင့်လောက်လား သာဒွန်းအောင်ရယ်။ ကြီးကြီးခေါ် လိုက်ရမပေါ့"

ထမင်းစားပြီး အတန်ငယ်စကားပြောကြပြီးနောက်၊ ကျွန်တော်လည်း ကြီးကြီးနဲ့စကားပြောရသည့်အတွက် ကောင်းကောင်းကြီးကြေညက်စေဖို့ရန် ရည်သန်သဘောပိုက်ပြီး၊ ပန်းခြံသို့ ရောက်သွား၍ ဟိုဟိုသည်သည် လမ်းပန်းလျှောက်ပြီး အိမ်ကိုပြန်ရောက်၊ အိမ်ရှေ့ခန်းကို ဝင်လျှင်ဝင်ချင်း၊ ချိတ်၍ထားသောကားကို မတ်တတ်ရပ်ကာ မော်ကြည့်နေသော သာဂိကိုမြင်ရပါသည်။ သူ့ကိုမြင်လျှင်မြင်ချင်း စိတ်ထဲမှာအတော်ကလေး မသက်မသာ ဖြစ်၍သွားပါသည်။ အဘယ်ကြောင့်ဆိုလျှင် ကျွန်တော် သာယာဝတီဘက်ကို သွားမည်ဟူသော သတင်းအစအနကို သူကြားကထဲက မနည်းအားရနေသည်ကို သိရပါသည်။ ကျွန်တော်များ ပုလိပ်အရာရှိဖြစ်ရင်၊ သူသာပြီး အားရမယ့်လက္ခဏာပဲ။သာယာဝတီသွားဖို့ ကြီးကြီးရေးလိုက်တဲ့စာကလေးကိုသူမြင်ကတည်းက သူ့မှာဂဠုန်ရုပ်ပေါ်ပြီး မျက်လုံးများမှာ ဂဠုန်မျက်လုံး၊ ခါးတောင်းတကြားကြားနဲ့၊ ဆေးကြောင်တွေက

mgyoe.com

လည်း များပါဘိသနဲ့။ ဒင်းနဲ့များအတူ သာယာဝတီကိုသွားရရင်၊ ဂဠုန် သားအဖပဲဟု စွပ်စွဲဖမ်းဆီးခြင်းကိုပင် ခံရကောင်းပါရဲ့ဟု ကျွန်တော်၏ စိတ်ထဲမှာ တွေးတောမိပါသည်။ ဒီအကောင်မှာ ရှေးဘိုးစဉ်ဘောင်ဆက်က ခြေရာတစ်တောင်ငမဲခေါင်သွေးများ ပါသလားမသိရ။ လူ့ပုံကထန်းစိမ့်တတ် ဦးခေါင်းနှင့် မျောက်ပုံစံပါပါ။ ကိုယ်အင်္ဂါသေးလို့သာပေါ့။ မသေးမငယ် ရင်၊ ငမဲခေါင်အဆက်လို့ ပြောလောက်အောင်စားပြရောင်ပြေး၍နေပါသည်။ ခြံထဲနွားဝင်တာတောင် တက်ခေါက်ဆဲဆိုပြီး "တယ်လေ ငါထောင်း လိုက် ရမကောင်းဘူး" ဟူသော စကားမျိုးသုံးသည်ကို တစ်ခါ နှစ်ခါ မကြာမီက ကြားရပါသည်။

သို့ဖြစ်၍ သာဂိကို အသာလက်ကုတ်ပြီး အကျိုးအကြောင်း အခြေ အနေကို အကုန်အစင်ပြောပြ တိုင်ပင်သော်လည်း သာဂိမှာ အများကြီး ကျေနပ်သောအသွင်မရှိ။ သို့ဖြစ်၍ ၎င်းအပါးကပ်ပြီး ရုပ်ပုံကိုအတူကြည့် ရင်း ...

"ဒီကား တော်တော်အကောင်းသားဟေ့။ ဟင် သာဂိ"ဟု ကျွန်တော် က ပြောလိုက်ပါကြောင်း။

"ဟုတ်တယ် ဆရာ"

"အိမ်မှာ ဒီလိုကားကောင်းမျိုး တစ်ခုတလေတော့ ရှိမှပဲ"

"ဟုတ်တယ် ဆရာ"

"အခန်းမှာ ဒီကားမျိုးရှိတာ ဘယ်လိုလဲဆိုတော့ အင်း ..."

"ဟုတ်တယ် ဆရာ"

၎င်း၏အဖြေစကားများသည် မှန်ကန်သော်လည်း၊ လူပုံလူပန်းမျက် နှာထားမှာ များစွာမမှန် စိတ်အားမသန်ကြောင်း သိရပါသည်။ စင်စစ်မှာ ကောလို့ဆိုလျှင် မည်သူမဆို မိမိ၏ရုပ်ပုံကိုကောင်းသည်ဟု အယူရှိ၍ အိမ်၌ မွန်မြတ်သောနေရာမှာ ဆွဲချိတ်၍ထားသည်မှာ၊ မိမိကိုယ်တိုင်က မွန်မြတ်သည်ဟုယုံကြည်ပြီး တွယ်တာခင်မင်ခြင်း တစ်မျိုးရှိလို့ပဲဆိုတာ ပုံတူထားရှိသူဟူသမျှ သိလည်းသိကြပေလိမ့်မည်။ သို့ဖြစ်လေရာ နှုတ်ခမ်း

mgyoe.com

မဲ့ကာ၊ နှာခေါင်းရှုံ့ကာ အပြစ်ရှာချင်သလိုလို အမူအရာမျိုးနှင့် တစ်စုံတစ်ယောက် ကြည့်ပြီး ချီးမွမ်းခြင်းမပြု။ ကဲ့ရဲ့သမှု အမူအရာမျိုးကိုသာ အသုံးပြုချေက အဘယ်မည်သူသည် ခံချင်စိတ်ရှိပါမည်နည်း။ အထူးသဖြင့် အစေးလို ချစ်သူကလေးက အပင်ပန်းခံပြီးရေးထားတဲ့ ကိုယ်တိုင်၏ ပုံတူကားမှာ ထိုကဲ့သို့ ထိပါးရှုတ်ချခြင်းခံရသောအခါ၌၊ အဘယ်ပြောဖွယ်ရာရှိနိုင်ပါဟော့မည်နည်း။

"သာဂိ မင်း ဒီကားကို သဘောမကျဘူးလား ပြောစမ်း"

"ကြိုက်ပါတယ် ဆရာ"

"မင်းမညာပါနဲ့ကွယ်။ မင်းမျက်နှာကို ငါသိပါတယ်။ မင်း ဒီကားကို ဘာ့ကြောင့် သဘောမကျသလဲ ငါမသိဘူး။ မင်း သဘောမကျဘူးမဟုတ်လား။ မှန်မှန်ပြောစမ်း"

"အရောင်က နည်းနည်းတောက်အားကြီးသလားလို့ ဆရာရဲ့"

"ငါတော့ ဒါသတိမထားမိဘူး။ မပြောတတ်ဘူး။ ဒီပြင်ကော"

"ကျွန်တော် မှန်တာပြောရမှာဖြင့်၊ ရုပ်ပုံက ထမင်းအတော်ဆာနေသလို ဖြစ်နေတယ်"

"ထမင်းဆာပုံနဲ့ တူသလားကွယ်။ သေသေချာချာများ ကြည့်ပါဦး"

"ဆရာ့ခွေး(ဘောက်)ဟာ၊ တော်တော်ဝေးတဲ့နေရာမှာရှိတဲ့ အရိုးကို ကိုက်ချင်လို့ လှမ်းမျှော်ကြည့်တဲ့အခါ၊ ဒီပုံအတိုင်းပဲ ဆရာ"

"ဟိုက် ... ခွေးမသား၊ ငါ့ခွေးဘောက်နဲ့တူသလား။ ဒီကြည့်နည်းမျိုးဟာ (တမ်းတခြင်း)လို့ ခေါ်တယ်။ အသက်ပါတဲ့မျက်နှာထား၊ ဆာတာမဟုတ်ဘူး။ မိုက်တဲ့အကောင်"

"ဟုတ်တယ် ဆရာ"

ထို့နောက် အခြားအကြောင်းကို ဆက်လက်၍မေးရာ၌ ...

"အစေး ဒီရုပ်ပုံကို လာကြည့်မယ်လို့ ပြောသွားတယ်။ လာရဲ့မဟုတ်လား ..."

"ဟုတ်တယ် ဆရာ"

mgyoe.com

mgyoe.com

"ပြန်သွားသလား"

"ဟုတ်တယ် ဆရာ"

"ပြန်လာမယ်လို့ ပြောမသွားဘူးလား"

"ပြောမသွားဘူး ဆရာ၊ ဆရာမကလေး ပြန်ပြီး လာချင်ဟန်တယ်ကြီးရှိပုံမပေါ်ဘူးဆရာ။ တော်တော်စိတ်မကောင်းဖြစ်ရှာသွားတယ်။ သူ့စတူဒီယိုကိုသွားမယ်လို့ ပြောသွားတယ်ဆရာ"

"ဘာဖြစ်လို့ စိတ်မကောင်းဖြစ်သလဲ။ တစ်ခုခုဖြစ်သလား"

"တိုက်မိလို့ ဆရာ"

ကျွန်တော့်မှာ အတော်ပင် ထိတ်ခနဲဖြစ်၍သွားသဖြင့် ...

"ဘာတိုက်တာလဲ"ဟု မေးလိုက်ရာ ...

"ကားနဲ့ ဆရာ"

"မော်တော်ကားနဲ့ တိုက်မိသလား ..."

"ဟုတ်တယ် ဆရာ"

"ဘယ်လို တိုက်မိပုံလဲ"

"မိုတိုကားနဲ့ ဆရာ"

"အစေး တော်တော်နာသွားသလား"

"ဆရာမတော့ မနာပါဘူး။ လူတစ်ယောက် နာသွားတယ်"

"ဘယ်ကလူလဲ"

"ဆရာမကလေး အင်္ဂလိပ်ဆရာမကြီးတစ်ယောက်နဲ့ မော်တော်ကားစီးလာတယ် ဆရာ၊ ဆရာမကလေး အမောင်းသင်တယ် ထင်ပါရဲ့ဆရာ၊ အင်္ဂလိပ်ဆရာမကြီးက လွှတ်ပေးပြီး နံဘေးမှာထိုင်လိုက်တယ်။ ဆရာမကလေးက မောင်းလာတယ်။ ဒီအိမ်ရှေ့ကျတော့ လူတစ်ယောက်ကို တိုက်မိတာပဲ။ ခြေကျိုးသွားတယ် ဆရာ"

"ဖြစ်မှဖြစ်ရလေတယ်။ အစေးတော့ ကိစ္စမရှိဘူးမဟုတ်လား"

"ဆရာမကလေးကိုယ်ခန္ဓာမှာတော့ ဘာမှမဖြစ်ပါဘူး။ စိတ်မှာတော့ တော်တော်မကောင်းသွားတယ်"

mgyoe.com

m-gyoe.com

"ဘယ်ကောင်းနိုင်ရှာမလဲကွယ်၊အင်မတန်မှ လူတစ်ဖက်သားအပေါ် ကြင်နာသနားတတ်တာကလား။ ကိုယ်ရောစိတ်ရောလှတဲ့ (ငတိမ)ကလေးကွဲ့။ အခက်သားပဲ။ သူ့လိုလှတဲ့မိန်းကလေးဆိုတော့ အသွားအလာတောင် ခပ်ကျပ်ကျပ်ကလား သာဂိရယ်။ မြင်ရုံနဲ့ မူးမိုက်ငေးမော၊ ခြေလှမ်းတွေ ဘာတွေမှား ကားအောက်မှောက်ခံသူကခံ၊ လှန်ခံသူကခံ၊ ဘီးကြားညပ် လိုက်ချင်သူကလိုက်ချင်။ ဆရာတို့လို ဣန္ဒြေဆောင်နိုင်သူတွေက အနည်းသားလားကွဲ့။ သည်တော့ အများကြီးထိတ်လန့်သွားရှာမှာပဲ။ ငါပြေးပြီး တယ်လီဖုန်းနဲ့ မေးလိုက်ဦးမှထင်တယ်။ မမေးရင် အားငယ်ပြီး ဝမ်းပန်းနည်းနေတော့မှာပဲ။ အတိုက်ခံရတဲ့လူကော"

"ဆရာ့အိပ်ခန်းထဲမှာ ဆရာ"

"ဘာပြောတယ် ..."

"ဟုတ်တယ် ဆရာ"

"ငါ့အခန်းထဲမှာလား"

"ဟုတ်တယ် ဆရာ၊ ဆရာမကလေးက သူ့ကို ဆရာ့အခန်းထဲမှာ ဆရာ့ခုတင်ပေါ်မှာထားဖို့ စီမံသွားတာပဲ။ ပြီးတော့လည်း ဒီလူရဲ့အစ်မ ပြည်မြို့မှာရှိတယ်လို့ ပြောတယ်။ သူ့ဆီကို ကြေးနန်းရိုက်လိုက်ဖို့လည်း ဆရာမကလေးက ဆရာ့ကိုမှာသွားတယ်။ ဆရာဝန်တစ်ယောက်ကို ခေါ်ပြီး ပြတော့၊ ဆရာဝန်က ကြပ်စည်းပြီး ဆေးဝါးထည့်ပြီးသွားတယ်။ ဒီနေရာကမရွေ့ဘဲ အခုလို ငြိမ်ငြိမ်နေရမယ်လို့ ဆရာဝန်က မှာသွားတယ်"

"ဘယ်နဲ့ ငါ့အိပ်ရာထဲမှာ ဒီလိုမသေမချင်း အတောမသတ်နေတော့မှာတဲ့လား။ မဟုတ်တာပဲ"

"ဟုတ်တယ်ဆရာ"

"ဒါတော့ လွန်အားကြီးတယ်ထင်တယ် သာဂိရယ်"

"ဟုတ်တယ်ဆရာ့"

"ဒါတော့ နည်းလမ်းမဟုတ်ဘူး။ ဒင်း ဘယ်လိုချောချောလှလှ၊ ဘာပညာကိုပဲတတ်လို့ ယောကျ်ားတွေ့တပ်ခင်းပြီးကြိုက်ကြစေကာမူ ငါ့အိပ်ခန်း

mgyoe.com

mgyoe.com

ကိုတော့ လူနာရုံဖြစ်အောင်လုပ်ဖို့ ဘယ်နည်းနဲ့မှ မသင့်ဘူးထင်တာပဲ။ မင်း ဘယ်လိုသဘောရသလဲ"

"ဟုတ်တယ် ဆရာ့"

ထိုအခါ ကျွန်တော့်မှာ ရှင်ဘွဲ့တိလောကခေါ်တဲ့၊ စနေသား နေတက်ဖွားမို့၊ စိတ်ကလည်း အတော်ထက်လေ့တော့၊ ဖွဲမီးလိုတငွေ့ငွေ့၊ ဒေါသကြီးသော်လည်း၊ ငါကအိမ်သည်ပဲလေဟု တရားနှင့်ဖြေကာ ထို လူ့ထံသွားပြီး မေးမြန်းမှတော်မယ်ဟု အောက်မေ့ပြီး

"သူ့နာမည် ဘယ်သူတဲ့လဲ"

"ကိုသာဆွဲလို့ ခေါ်တယ်ဆရာ"

"ဟင် ... သာဆွဲတဲ့လား"

"ဟုတ်တယ် ဆရာ၊ ပန်းချီဆရာတဲ့။ ဒီကိုသာဆွဲက ဆရာမကလေး ရေးတဲ့ ဆရာ့ပုံကို လာကြည့်ပြီး၊ အိမ်ကအထွက်မှာ ဟိုဘက်က ကားကွေ့ အလာနဲ့တိုက်မိတာပဲ"

ထိုအခါ ကျွန်တော်သည် အခန်းသို့ လျင်မြန်စွာသွားရပါသည်။ ကျွန်တော်၏စိတ်၌ကား အများကြီးကိစ္စတွေများ၍ သွားပါ၏။ အဘယ်ပုံ ကိစ္စများသလဲဆိုရင်၊ တစ်စုံတစ်ယောက်သောသူသည် အစေးကဲ့သို့လုပ သော မိန်းမပျိုကလေးနှင့် ချစ်ခင်စုံမက်မေတ္တာပန်း အပြန်အလှန် ဆက်၍ နေဆဲမှာ၊ ဆံပင်ကွေ့ကောက်သော ပန်းချီဆရာတစ်ယောက် ပြိုင်ဘက်လု ဘက် ပေါ်ပေါက်၍လာသည်နှင့် ကြုံကြိုက်ချေက၊ ကျွန်တော်၌ ဖြစ်ပျက်ရ သောစိတ်၏ ကိစ္စများပုံသဘောသွားသည်ကို မပြောကြားဘဲပင် သိနိုင် ဖွယ်ရာရှိပေလိမ့်မည်။ သာ၍မခံချင်ဖွယ်သောအရာတစ်ခုမှာ၊ အသင်၏ ပြိုင်ဘက်ဆံလိမ်ယောကျ်ားဟာ ခြေကျိုးပြီး အသင်၏အိပ်ရာ၌ အတော် မသတ်၊ မသေမချင်းတက်၍နေခြင်း ဖြစ်ပေလိမ့်မည်။ သာ၍ မသက်သာ စရာအချက်သည်ကား ၎င်း၏ဝေဒနာခံစားနေရခြင်း အခြေအနေဖြစ်လေ သည်။ အဘယ့်ကြောင့်ဆိုသော်၊ လှလှပပဝတ်ဆင်ပြီး သွားလာရာမှာ၊ မိန်းကလေးက ကားနှင့်တိုက်မိခြင်းဟာ၊ မိန်းကလေး၏စိတ်၌ကရုဏာ

mgyoe.com

mgyoe.com

တွေ ဆူဝေလို့လာစေဖို့ အကြောင်းစာစ်ခုဖြစ်ပြီး၊ ကရဏာထဲမှ မေတ္တာရေထွက်မှာ အများကြီးစိုးရလေသည်။ ဆံလိမ်ယောက်ျား ပန်းချီဆရာချောချောကလေးတစ်ယောက်၊ ဤကဲ့သို့ အတိုက်ခံကြည့်လျှင် ကျွန်တော်ပြောစကားမှန်ကြောင်း ဧကန်ဒိဋ္ဌ သိကြရပေမည်။ တစ်ချက်မှာလည်း တိုက်ပြီးသည်နောက်၊ အစေးဟာ အားရပါးရဆင်းပြီး ပွေ့မှာပဲ။ ငနဲမှာတော့ နာရမှန်းတောင် သိပါ့မလားမသိရပေ။ ထိုအခြေအနေကို ဆင်ခြင်လိုက်သောအခါ ကျွန်တော့်အတွက် အခက်အခဲသည် အတော်ပင်ကြီးလေး၍နေသည်ကို သိရပါသဖြင့်၊ ခက်ချည့်ကရိုဟု အောက်မေ့ခါ၊ အတော်ပင် ရင်ကျပ်၍သွားပါသည်။

ပန်းချီဆရာ သာဆွဲမှာ ကျွန်တော်၏ ဖြူစင်သောအိပ်ရာ၌ ကျွန်တော်၏ ပိုးဘောင်းဘီကိုဝတ်ကာ ကျွန်တော်၏ ဆွယ်တာအသစ်ကို ဆင်လျက် နံဘေးစားပွဲပေါ်မှာ ကျွန်တော်၏စီးကရက်ဘူး၊ ဆေးဘူး၊ ဆေးတံများကို ကျေနပ်စွာ သောက်သုံးမှီဝဲလျက် ကျွန်တော်၏ မဂ္ဂဇင်းတစ်စောင်ကို ဖတ်၍နေပါသည်။

ထိုအခါ ရပ်ကာကြည့်ပြီး တယ်တော်ပေ့ဗျာဟု ကျွန်တော်၏စိတ်မှာ အောက်မေ့ပြီး ကပ်သွားပါသည်။

"ဩော် ... ကိုသာဒွန်းအောင် ပြန်လာမှကိုး"

"ဟုတ်ကဲ့ ပြန်လာတာတော့ ထားလိုက်ပါဦး၊ ခင်ဗျား ဘယ်တော့သွားနိုင်မလဲ"

"တနင်္ဂနွေ တစ်ပတ်လောက်တော့ ကြာမှာပဲ"

"တနင်္ဂနွေတစ်ပတ် ..."

"လောက် ... ဆိုပါတော့။ အခုအနေတော့ ဆရာဝန်က ဘယ်ကိုမှ မရွေ့ရဘူး၊ ငြိမ်ငြိမ်ကလေးနေရမယ် ပြောတာပဲ။ ငြိမ်ငြိမ်နေရမယ်တဲ့။ သည့်အတွက် လူမမာအခန်းမှာ တိုးတိုးစကားပြောပါမိတ်ဆွေ။ တောင်းပန်ပါရစေ။ နို့မဟုတ်ရင် ရောဂါတိုးပြီး ဒီက တော်တော်နဲ့ဆင်းရမှာ မဟုတ်ဘူး။ မိတ်ဆွေ စီးကရက်တွေက ဟောင်းနေပြီထင်တယ်။ စကားကျယ်

mgyoe.com

mgyoe.com

ကျယ်ပြောတာဟာ ဒရိုန်းပြရာမှာ အသုံးပြုကောင်းတာပဲ၊ မွေ့ရာကထူ အားကြီးတယ်၊ ဒူလာဖြစ်တယ်၊ တယ်ကြမ်းပိုးကိုက်ပါကလား မိတ်ဆွေ။ ဒါထက် ဝီစကီကလေး ဆိုဒါကလေး ရေခဲကလေးများ မထားဘူးလားဗျာ့။ ညည့်သည်လည်းဖြစ်ပြန်၊ လူကလည်းမမာ၊ ခင်ဗျားက လည်နေလိုက်တာဗျာ"

ကျွန်တော်သည် ၎င်းကိုကြည့်ကာ တယ်ဟုတ်နေမှကိုးဟု တွေးပြီး သာဂိကို အော်၍ခေါ်လိုက်ရာ သာဆွဲက "တိုးတိုးလုပ်စမ်းပါဗျာ။ ရောဂါတိုးရင် ခင်ဗျားကြောင့်ပဲနော်"

ထိုအခိုက် သာဂိရောက်လာသဖြင့်၊ ဝီစကီနှင့်ဆိုဒါကို ထုတ်ရန် ပြောလိုက်ရပါသည်။ ၎င်း၏အမူအရာများမှာ အတော်အထက်ကျ၍ ကျွန်တော်ကညည့်သည်၊ သူကအိမ်သည်လို ဖြစ်၍နေပါသည်။

"ခင်ဗျား တကယ်မရွေ့နိုင်၊ မသွားနိုင်ဘူးလား"

"လုံးလုံးကြီး မသွားနိုင်ဘူး။ ဆရာဝန်ပြောတာပဲ"

"ဆရာဝန်ပြောတိုင်းလည်း မဟုတ်ပါဘူး။ စမ်းကြည့်ပါဦး"

"စမ်းလို့မရဘူး၊ ဆရာဝန်သာချိုကိုယ်တိုင် လာကြည့်တယ်။ ဆရာမ ၂ ယောက် အတင်းဆွဲခေါ်တာကိုး၊ ငနဲကြီးပါလာတာပေါ့လေ။ ကျုပ်မထနိုင် မသွားနိုင်တာအတွက်တော့ အင်မတန်ကြီး စိတ်မပူပါနဲ့။ ကျုပ် ဒီမှာနေရတာ အများကြီးပျော်ပါတယ်။ ချမ်းလည်းချမ်းသာပါတယ်။ ဘယ့်နှယ်ခင်ဗျာ၊ မြေပိုင်ရှင်တစ်ယောက်အိမ် ရောက်နေလို့မှ မချမ်းသာရင် စိုးရိမ်စရာလည်းမရှိပါဘူး၊ သက်သာမှာပါပဲ။ ဒါထက် အခုဖြစ်ပျက်တဲ့ အကြောင်းနဲ့ပတ်သက်ပြီး တိုင်ပင်ဖို့အရေးက ရှိသေးတယ်။ ကျုပ်နှမလည်း မနက်ဖြန်ရောက်လိမ့်မယ်။ ခင်ဗျားက တစ်ဆိတ်ကြေးနန်းရိုက်ပါလို့ ဆရာမ မအစေးက ခင်ဗျားအစေခံကို မှာသွားတာပဲ။ သို့သော်လည်း ကျုပ်ကပဲ စရိတ်ထုတ်ပေးလိုက်လို့ ရိုက်ပြီးပါပြီ။ နက်ဖြန်ခါ လာလိမ့်မယ်။ ကျုပ်နှမ အငယ်ပေမဲ့ အကြီးလိုနှမခင်ဗျာ့။ တော်တော်ကြောက်ရတယ်။ အခုဖြစ်ပျက်ပုံကိုမြင်ရရင် ဘယ်လိုပြောမယ်ဆိုမယ်၊ ဘယ်လိုဖြစ်မယ်လို့ မသိရဘူး။

mgyoe.com

သူ့ကျုပ်ကို အင်မတန်ချစ်တယ်"

"ဟုတ်လား"

"ဟုတ်တယ် မိတ်ဆွေ"

"ခင်ဗျားတို့အားလုံး မွေးပေါက်ဖော် ဘယ်နှယောက်လဲ"

"ငါးယောက်ပါပဲ"

"ခင်ဗျားက အားလုံးထဲမှာ ခင်ဗျားနှမအချစ်ဆုံးဆိုရင်၊ ကြွင်းတဲ့ လေးယောက်ဟာ ခင်ဗျားလိုမဟုတ်ဘူးပေါ့။ နည်းနည်းတော့ ..."

"ကျုပ်နှမယောက်ျားက ရွှေကြာပါပဲ။ ရွှေကြာ ဘလချောင်လေ။ ကြားဖူးတယ်မဟုတ်လား။ ငွေအင်မတန်ပေါတာပဲ။ ငွေပေါပေမဲ့ ကျုပ်လို ဆင်းရဲတဲ့ယောက်ဖအပေါ်မှာ တစ်ပြားတစ်ချမ်းမကျပါဘူး။ သူ့ဘာသာ သူဌေးဖြစ်နေတာပါပဲ"ဟု သားဆွဲက နာကြည်းသောအမူအရာနှင့် ရှင်းသီးစွာပြောပါသည်။ ထို့နောက် စကားဆက်ကာ ဒါလည်းအရေးမကြီးပါဘူး၊ တစ်ဝမ်းတစ်ခါးတော့ စုတ်တံတစ်ချောင်းရှိရင်၊ အကြောင်းသိအောင် ပြချင်ပါတယ်။ အခုပြောလိုတာကတော့ ကျုပ်နှမဟာ ကျုပ်ကိုထိရင်မခံဘူး။ ဆရာမ အစေးကလေး မောင်းတဲ့ကားနဲ့ တိုက်မိတယ်ဆိုတာကို ကျုပ်နှမ သိရင်၊ မအစေးကို အများကြီး ဒုက္ခပေးမှာပဲ။ ငွေကလည်း ပေါတာကိုးဗျာ။ သည်တော့ တားလို့ရမှာ မဟုတ်ဘူး။ တရားတွေ ဘာတွေစွဲတော့မှာပဲ။ စွဲရင် ဆရာမကလေး မိန်းမသားမှာ မတော်တဆဖြစ်တာကလေးကြောင့် အများကြီး ငွေကုန်ကြေးကျဖြစ်ပြီး ကိုယ်စိတ်နှစ်ပါး ပင်ပန်းရုံရှိမှာပဲ။ မှန်ပါတယ်၊ သည့်အတိုင်းပါပဲ။ ဆရာမကလေး ဒုက္ခဖြစ်မှာစိုးလို့ပါ။ သည်တော့ ဆရာမကားနဲ့ တိုက်မိကြောင်း ကျုပ်နှမ မသိစေချင်ဘူး။ မသိစေရအောင် ခင်ဗျားလည်းသတိပြုဖို့ ကျုပ်တောင်းပန်ချင်တာပဲ"

"ဟုတ်ပေတယ်၊ ဟုတ်ပေတယ်"

"ခင်ဗျား ကျုပ်ဆိုလိုရင်းကို နားအလည်လွယ်သားပဲ။ အများက ခင်ဗျားကို လူပေါလို့ပြောကြတာ။ ဘယ်ပေါလို့လဲ၊ အတော်သားပဲ။ ကိုသာဒွန်းအောင် အဲဒါတစ်ခု ကျပ်ကျပ်ကြီး သတိပြုစေချင်တာပဲ"

mgyoe.com

"ကျုပ်ကို ဘယ်သူများက လူပေါလို့ပြောကြသလဲ"

သာဂိဆွဲသည် ပြုံးကာစဉ်းစားသလို လုပ်၍နေလေသည်။

"ဩော် လူပေါလို့မခေါ်ကြဘူးလား၊ မခေါ်လည်း ပြီးတာပေါ့လေ။ အဲသည်တော့ ကျုပ်အကြံပေးချင်တာက ဒီလိုပါ။ ကျုပ်ကို တိုက်တဲ့ကားဟာ တိုက်ပြီးမရပ်ဘဲ ဆက်မောင်းသွားလို့ နံပါတ်ကိုလည်းမမြင်လိုက်ရ၊ ဘယ်သူ ဘယ်ဝါကားလို့လည်း မသိလိုက်ရဆိုတဲ့အနေမျိုးဖြစ်အောင် လုပ်မှတော်မယ်ထင်တာပဲ။ ခင်ဗျားလည်းစဉ်းစားလေ၊ အစေးကလေး အပေါ်မှာတော့ ဒုက္ခမများစေချင်ဘူး။ အကယ်၍တခြားသည့်ထက်ကောင်းမယ့်နည်းကိုရရင်လည်း တစ်မျိုးဖန်တီးသေးတာပေါ့လေနော်။ အခုအနေမှာတော့ ကျွန်တော်ဒီနည်းပဲတွေးမိတာပဲ၊ ဘယ်နဲ့သဘောရသလဲ။ အမှုလည်း ရှည်ဖို့မရှိဘူး၊ ခြေရာပျောက် လက်သည်ငုပ်ဆိုတာမျိုးပေါ့ဗျာ။ မကောင်းဘူးလား။ ကိုင်း ခင်ဗျားသွားပေတော့။ ဒီမှာစောင့်နေဖို့ မလိုပါဘူး။ ဆရာဝန်က စကားများများမပြောရဘူး၊ ငြိမ်ငြိမ်နေရမယ်လို့ ပြောသွားတယ်။ ပြီးတော့ကျုပ်လည်း ဝတ္ထုဆက်ဖတ်ရဦးမယ်။ တော်တော်လွမ်းတဲ့ ဝတ္ထု၊ အခု လူဆိုးက ကောင်ကလေးနဲ့ကောင်မလေးကို နှစ်ယောက်စလုံးသေအောင် ဝါးလုံးခေါင်းထဲ မြွေဟောက်ကိုထည့်ပြီး၊ နှစ်ယောက်စလုံးခြေထောက်များကို ကိုက်မိအောင် အဲဒီဝါးလုံးခေါင်းထဲက မြွေနဲ့အိပ်နေခိုက်မှာ တို့ဖို့စီမံနေတယ်။ ကျုပ် ဆက်ဖတ်လိုက်ဦးမယ်။ ကျုပ် တစ်စုံတစ်ရာ အလိုရှိရင် ဒီစားပွဲကို ခေါက်လိုက်မယ်။ သည်တော့မှ လာတာပေါ့၊ ခင်ဗျားအစေခံကိုလည်း ပြောထားလိုက်ပါ။ စားပွဲခေါက်သံကြားရင် ပြေးလာဖို့၊ ခင်ဗျားဝိစကီက "ရမ်"တွေများ ရောထားသလား၊ ဘာ ဝိစကီလဲ"

ကျွန်တော် အခန်းထဲကထွက်လာသောအခါ၊ သာဂိ ကျွန်တော့်ပုံကို စိုက်ကြည့်ပြီး၊ မနှစ်လိုသကဲ့သို့ ဖြစ်၍နေပုံကို တွေ့မြင်ရပါသည်။

"သာဂိရေ ..."

"ဆရာ"

mgyoe.com

"မင်းတို့ သာဆွဲဆိုတဲ့ ပန်းချီကောင်နဲ့ ငါနဲ့တော့ တွေ့တော့တာပဲ။ ဒါထက် သူ့နှမ မနက်ဖြန်ခါ ဒီကိုလာမယ်လို့ ပြောတယ်။ ပြည်မြို့ကတဲ့။ "ဂိုရွှေကြာဘုလချောင်"ဆိုတဲ့ သူဌေးမယားတဲ့။ သူဌေးကတော်တစ်ယောက်ပေါ့ကွယ်။ ငါကလည်း မြေပိုင်ရှင်၊ သူတို့ကလည်း သူဌေး၊ ဘယ်လိုများ တည်ကြရမယ်မသိရဘူး"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်ပဲ သံကြိုးရိုက်လိုက်တယ်။ သံကြိုးရောက်ရောက်ချင်းလိုက်လာရင်၊ နက်ဖြန်ခါ ရောက်မှာပဲ။ လက်ပံတန်းမှာတော့ သူတို့ခြံတစ်ခြံရှိတယ်လို့ ကြားရတယ်။ ဟိုမှာရှိနေရင်တော့ သံကြိုးနဲ့တွေ့မှာမဟုတ်ဘူး။ ရန်ကုန်ကိုရောက်ရင် သူတို့လက်ကားဆိုင်ရှိရာကို ရှေးဦးပထမ ရောက်အောင်သွားမှာပဲ"

"အေး သာဂိရေ၊ ဇာတ်လမ်းကတော့ အတော်ဟုတ်နေတာပဲ။ စခန်းသွားနဲ့ အလွမ်းနဲ့ စုံနေတော့တာပဲ။ ဒီဂုတ်ဝန်၊ စုတ်တံကောင် ငါ့ခုတင်ကမဆင်းရသေးတာခက်တာပဲ။သို့သော်လည်း မတတ်နိုင်ဘူးလေ။ လောကဓံတရားကို ဘယ်သူမှ မငြင်းဆန်နိုင်ဘူး။ လာဘော အလာဘောတဲ့၊ တစ်ခုတော့ ကျပ်ကျပ်သတိပြုနော်။ သာဆွဲကို ကားနဲ့ကျိုးအောင် တိုက်တာဟာအစေးမဟုတ်ဘူး၊ အစေးကတော့ ရွှံ့ရွှံ့နဲ့ တမင်လုပ်တယ်လို့ ငါထင်တာပဲ။ ငါနဲ့အစေးနဲ့ဖြစ်နေမှန်း ဒင်းအသိသားနဲ့ဝင်ပိုးတော့ ကောင်မလေးကလည်း ဘယ်ခံချင်ရှာမလဲကွဲ့။ ဒါကြောင့် တမင်လုပ်လိုက်တာ။ သို့သော်လည်း အစေးအပေါ် အမှုရောက်နေရင် တခြားလူမပူရဘူး၊ ငါသာပူရမယ်။ အခြားဒုက္ခမများဘူး၊ ငါသာဒုက္ခများမှာ။ သည့်အတွက် မင်းကျပ်ကျပ်သတိထားနော်။ စုတ်ဆရာထံသွားပြီးတော့လည်း နားထောင် မှတ်သားဦး။ သူဘာများ ပြောစရာရှိသေးတယ်ဆိုတာ အကုန်မှတ်ပြီး၊ သူ့ကိုထောက်ခံရလိမ့်မယ်၊ သိလား ..."

"ကောင်းပါပြီ ဆရာ"

"ကိုင်း အခု၊ ငါတို့အရေးက အစေးကိစ္စပဲ"

"ဆရာ ဟုတ်ကဲ့"

mgyoe.com

mgyoe.com


"သူလာပြီး မေးမြန်းမှာပဲ"

"ဟုတ်ကဲ့ ဆရာ"

"ငါနဲ့တွေ့လို့မဖြစ်ဘူး၊ မိန်းမဆိုတာ အခက်သား။ မင်းလည်းအသိသားပဲ"

"ဟုတ်ကဲ့ ဆရာ"

"ဒီလို သာဂိရဲ့၊ ငါရှိရင် ငါနဲ့သာဆွဲကို သူ နှိုင်းယှဉ်ကြည့်လိမ့်မယ်။ သည်တော့ သာဆွဲက ဝမ်းနည်းတဲ့လူမမာ့မျက်နှာ သနားစရာကလေးနဲ့နေမှာ သည်တော့အရင်က ငါ့ကိုဘယ်လိုပဲ အရူးအမူးသူကြိုက်နေစေကာမူ သာဆွဲကို သနားချစ် ချစ်သွားလိမ့်မယ်"

"ဟုတ်တယ်ဆရာ၊ ဒါကျွန်တော်ပြောမလို့ပဲ။ မိန်းမများရဲ့စိတ်နှလုံးထဲမှာ ဒုက္ခိတကိုမြင်ရင် မိခင်လို ရင်ခွင်မှာပိုက်ချင်တဲ့ စိတ်သဘောကလေးမျိုးတစ်ခုရှိကြမြဲပဲ။ လူမမာများဟာ သူတို့စိတ်ကို ညွတ်နူးစေတတ်တာကလား"

"အေး၊ မှန်တယ်၊ သည်တော့ ငါရှောင်နေမယ်။ မတော်တဆ သူတို့အချင်းချင်း သိပ်ပြီးခင်မင်ယုယနေတာကို မတော်တဆ ငါမြင်ရမှာလည်းစိုးတယ်။ ငါ မနက်ဖြန်ခါ မိုးလင်းလင်းချင်း ကားနဲ့အင်းစိန်ကိုသွားနေမယ်။ ညဘက်ကျမှ ပြန်လာမယ်။ နေရာမကျပေဘူးလား"

"ကောင်းတယ် ဆရာ"

"သာပြီးကောင်းမှာပဲ သာဂိ"

"ကောင်းတာပေါ့ ဆရာ"

"အေး ငါလည်း ဒီလိုသဘောရတာပဲ၊ ငါ့မိတ်ဆွေတစ်ယောက်လည်း တွေ့ချင်သေးတယ်။ အိမ်ကို သတိပြုနော်"

"ကောင်းပါပြီ ဆရာ"

"အစေးလာရင် ငါ အများကြီး ဝမ်းနည်းကြောင်း ပြောပြလိုက်နော်။ ငါကိစ္စရှိလို့ သွားနေတယ်လို့ပြော"

"ကောင်းပါပြီ ဆရာ"

mgyoe.com

mgyoe.com

"အကယ်၍ ရွှေကြာ ဘလချောင်ကတော်လာရင်၊ ကြည့်ရှုပြီး သင့်ရုံ တော်ရုံ ကျွေးမွေးလိုက်တာပေါ့"

"ကောင်းပါပြီ ဆရာ"

"သာဆွဲကိုများ အဆိပ်ကလေးဘာလေး ကျွေးချင်ရင်လည်း စိန်နီ မြင်းသွား စိန်ဖြူဆင်ဦးနှောက်များကို အသုံးမပြုနဲ့။ ဓာတုဗေဒကစမ်းသပ် ရင် သိသာလွယ်တယ်။ ဆေးဆိုင်တစ်ခုခုသွားပြီး စမ်းသပ်ရန် မလွယ်တဲ့ အဆိပ်ကို မေးမြန်းပြီးမှဝယ်။ စုံထောက်တွေလည်းသိမယ်။ ဝယ်တော့ နာမည်ကိုမပြောနဲ့"

ထိုသို့ တပည့်လိမ္မာသာဂိအား သတိပေးစကားများမှာကြားပြီး၊ ကျွန်တော်၏ပုံကို မော်၍ကြည့်လိုက်ပါကြောင်း။

"ဖြစ်ပျက်ပုံ တယ်ဆန်းတာပဲ သာဂိရယ်"

"မှန်တယ် ဆရာ"

"ဒီပုံရေးပြီးစတုန်းကဖြင့် ငါ သိပ်ပြီးပျော်တာပဲ"

"ဟုတ်တယ် ဆရာ"

"ကိုင်း ဒါပဲသာဂိ ငါ ..."

"ဟုတ်တယ် ဆရာ"

သို့ပြောဆိုပြီး ကျွန်တော် ထွက်သွားပါကြောင်း။

နောက်တစ်နေ့ အိမ်ကိုပြန်၍ရောက်သောအခါ၊ အတော်ကလေးမိုး ချုပ်၍သွားပါသည်။ အင်းစိန်ကမိတ်ဆွေက ခြံကြီးထဲမှာ ကောင်းစွာချက် ပြုတ်ပြီး ပျော်ပွဲပေးတာနဲ့စားသောက်ပြီး တရေးတမောအိပ်ရသည်အတွက် ကိုယ်လက်များလည်းပေါ့ပါးပြီး ကားဟောင်းကြီးကလည်း အသွားကောင်း သဖြင့်၊ လမ်းခရီးကို ကြာနိုင်သမျှကြာအောင် လှည့်ပတ် မောင်းပြီးလာခဲ့ သံဖြင့်၊ လေညင်းခံခဲ့ရသလိုဖြစ်သည့်အတွက် အတော်ပင် အားအင်ပြည့်ဝ တစ်မျိုးတိုးပြီး ကိုယ်ရောစိတ်ရော နုပျိုသလိုဖြစ်၍ သွားပါကြောင်း ယောကျာ်းတစ်ယောက် ခြေကျိုးရုံမျှနှင့် မိန်းကလေးတစ်ယောက်က သနားပြီး ကြိုက်ရမယ်ဆိုတဲ့အတွေး၊ မှားသောအတွေးပဲ၊ ပဒုမမင်းသားရဲ့

mgyoe.com

mgyoe.com

မယားဟာ ပေါင်တိုနဲ့အချောင်ခိုတာဟာလည်း ပေါင်တိုသည့်အတွက်ကြောင့် မဟုတ်၊ ပေါင်ထက် ပိုမိုပြီးမက်စရာအချက် တစ်ခုခုတော့ ဧကန်ရှိမှာပဲ။ သည့်အတွက်ကြောင့် တောင်းနဲ့ရွက်ပြီး တောင်းကျွေးပြီး ပေါင်းခဲ့တာပဲ သနားချစ် ချစ်ရင်ခဏာပေါ့။ နောက်ထပ်ပြီး စဉ်းစားရင် စိတ်ပျက်စရာ စိတ်မချစရာတွေ ပေါ်လာမှာပဲ။ မော်တော်ကားဘီးကိုမှ လွတ်အောင်ရှောင်နိုင်တဲ့ အရည်အချင်းမရှိသော ယောကျ်ားကိုယူရင် ကိုယ်စိတ်နှစ်ပါး ချမ်းချမ်း သာသာရှိနိုင်ပါမလားဟူ၍လည်း ဧကန် တွေးဆဆင်ခြင်မှာပဲ။ အစေးဟာ ဉာဏ်သေးသူမှ မဟုတ်ပါပဲကလား။ ဒီလိုတစ်ခါဖြစ်ဖူးတဲ့လူဟာနောင်ကိုလည်း မသေမချင်း ဒီလိုချည်းထပ်ခါ ထပ်ခါဖြစ်နေရင် လင်မယားဖြစ်ရတဲ့ဘဝမှာ ဆေးရုံတက်နေရတာနဲ့ ကိစ္စပြီးမှာတကား။

မော်တော်ကား အရှောင်မတတ်တဲ့လင်ကို ယူမိသည့်အတွက် တစ်သက်လုံးဆေးရုံသွားပြီး ထမင်းပို့နေရခြင်းတည်းဟူသော ဒုက္ခဟာ လွန်စွာ မှကြီးမှာပါတကား။ သာဒွန်းအောင်တို့လို သထိတမံဉာဏ်မြေကတုတ် ပညာစွမ်းချွန်းကဲ့သို့အုပ်ပြီး၊ ပုဗ္ဗနုပရန္တဆိုတဲ့ ရှေ့အစွန်း နောက်အစွန်း၊ ဝဲယာအစွန်းကို လမ်းလျှောက်တိုင်း ထင်မြင်ကာ နံဘေးခြေသွားလမ်းပေါ်မှာသာ အမြဲစိတ်ချလက်ချသွားပြီး လမ်းကိုကူးမည့်ကြံသည့်အခါတိုင်း ဝဲယာရှေ့နောက်ကို ကြည့်လေ့ရှိသော သတိသမ္ပဇညတရားနှင့်ပြည့်စုံသော ယောကျ်ားကိုယူရလျှင်၊ အလွန်တရာမှ ကာယစိတ္တသုခ နှစ်ဖြာပြည့်ဝပြီး ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်၊ ခါတင်အတွက် စိတ်ချလက်ချ၊ နေထိုင်ရမှာပါကလားဆိုသည့် အကျိုးတရား အကြောင်းတရားတွေကိုလည်း အစေးလို ပညာရင့်ဆရာမကလေးဟာ မဆင်ခြင်မတွေးတော မစောကြောဘဲနေပါ့မလားဆိုသည့် အကြောင်းအရာ အတွေးသစ်များသည် တရေးရေး တရစ်ရစ် ထင်မြင်ပေါ်ပေါက်ပြီး၊ စိတ်ထဲမှာအများကြီး ဝန်ယေ၍ သွားပြန်ပါသည်။

သို့အတွက် မော်တော်ကားကို ကားရုံမှာသွင်းပြီး လေကလေးချွန်လျက် အိမ်အောက်ခန်းကို ဝင်သွားလေရာ သာဂိသည် အလိုက်သိစွာ

mgyoe.com

mgyoe.com

ဖောင်ခနဲဖွင့်ပြီး အကြီးဆုံးသော ဖန်ခွက်ထဲသို့ လောင်းထည့်ကာ ရွှေဒင်္ဂါး ရောင်အဆင်းရှိ၍ ခေါင်းပေါင်းဖြူဖော့လုံးထည့်သော ဖန်ခွက်ကိုလာ၍ ပေးဆက်လေရာ ဖန်ခွက်ထဲရှိ စိန်တုံးကြီးနှင့်တူသော ရေခဲသည် ဂျင့်ကနဲ ဂျင်ကနဲတေးဆိုခြင်း ပြုရသလို ဖန်ခွက်စောင်းနှင့်ထိသည့် အသံမှာ နတ်စောင်းသံရှုံးသည်ဟု စိတ်ထဲတွင် မှတ်ထင်လိုက်ရပေသတည်း။

"ငါ အိမ်ကိုရောက်ပြန်ပြီ သာဂိ"

"ဟုတ်ကဲ့ ဆရာ"

"ငါမရှိတုန်း ဘာများဖြစ်သေးသလဲ။ အစေးလာရဲ့လား"

"ဟုတ်ကဲ့ ဆရာ၊ နှစ်နာရီလောက်မှာ လာတယ်"

"လာပြီး ပြန်သွားသလား"

"ခြောက်နာရီလောက်မှာ ပြန်သွားတယ် ဆရာ"

"အင်း ဒါ တယ်ကြီးနေရာမကျဘူးထင်တယ်။ လေးနာရီကြာအောင် နေသွားတယ်ဆိုတာ၊ တယ်ကြီးမကောင်းဘူး။ သို့သော်လည်း ဘယ့်နှယ် လုပ်မလဲ၊ လာပြီးသွားမှုကိုး"ဟူ၍သာ စိတ်ထဲမှာ ထားရပါသည်။

"ကိုရွှေကြာဘလချောင်ကတော်ကော"

"မနက်ရှစ်နာရီသာသာကလေးလောက်မှာ လာပြီး ကိုးနာရီလောက် မှာ ထွက်သွားတာပဲ"

"သြော် ... ဟုတ်လား၊ တော်တော်စိတ်ပူမလာဘူးလား"

"အများကြီးပူလာတာနဲ့ တူတာပဲဆရာ၊ ဆရာ့ကိုလည်း အများကြီး တွေ့ချင်သတဲ့"

"ငါ့ကိုလား"

"ဟုတ်တယ် ဆရာ"

"သြော် သူ့မောင်ကို ကောင်းကောင်းမွှန်မွှန်ပြုစုထားသည့်အတွက်၊ ကျေးဇူးတင်ရှာလို့ ထင်ပါရဲ့"

"မပြောတတ်ဘူး ဆရာ။ ဆရာ့ကိုတော့ တယ်ကြီးကျေနပ်ပုံမရဘူး ဆရာ"

mgyoe.com

mgyoe.com

"ဟင် ဘာပြောတယ်၊ ဘယ့်နှယ်ပြောသွားသလဲ"

"ဆရာမလာသေးဘူးလားလို့မျက်နှာထားနဲ့မေးတာပဲ။ စိတ်ဆိုးပုံပဲ"

"အင်း ဘာများပါလိမ့်။ ပန်းချီကောင် အိပ်ပလား"

"မအိပ်သေးဘူးဆရာ့၊ ခုတင်ကပဲ စားပွဲခေါက်ခေါ်လို့သွားတော့၊ ဆေးတံသောက်တဲ့ဆေး ဒါထက်ကောင်းကောင်း ဒီအိမ်မှာ မရှိတော့ဘူးလားလို့ မေးတယ်"

"အောင်မယ်၊ ကိုယ်တော်မြတ်ကလေ၊ လာလာချည်သေးဗျာ"

"ဟုတ်တယ် ဆရာ့"

"သူ သိပ်ပြီး အားကုန်မနေဘူးလား"

"ကုန်ဟန်မရှိဘူး ဆရာ"

သာဆွဲသည် ခေါင်းအုံးများကို ဆင့်ကာမှီလျက် ဝတ္ထုဆက်၍ဖတ်နေသည်ကို တွေ့မြင်ရပါသည်။

"ဩော် ကိုသာဒွန်းအောင်လား။ ပြန်လာမှကိုး၊ စောလှချည့်လား၊ အတော်စွဲတဲ့ဝတ္ထုဗျာ။ ဝါးလုံးခေါင်းထဲက မြွေဟောက်ဟာ လူဆိုးအကိုင်မှားလို့၊ လူဆိုးကိုပြန်ပြီး ကိုက်လိုက်တာ၊ လူဆိုးသေတာပဲ၊ မြွေဟောက်များလည်း လူဆိုးလူကောင်း သိတတ်ထင်ပါရဲ့ နော်"

"မြွေဟောက်ထားလိုက်ပါဦးလေ"

"မြွေဟောက်ကို ပေါ့ပေါ့မမှတ်နဲ့ မိတ်ဆွေ၊ လူတိုင်းကိုမေးကြည့်၊ အင်မတန်အဆိပ်ပြင်းတာ၊ ဒါထက် ကျုပ်နှမလာတယ်။ ခင်ဗျားနဲ့ စကားပြောချင်တယ်လို့ ပြောတယ်"

"ကျုပ်လည်း သူနဲ့စကားပြောချင်တာပဲ"

"ဒါဖြင့် စိတ်ချင်းတူနေကြပြီ၊ နှစ်ကိုယ့်တစ်စိတ်ပေါ့လေ၊ ဟဲဟဲ၊ ခင်ဗျားဆေးတံသောက်တဲ့ဆေးက ညံ့လိုက်တာဗျာ။ ဝံသာနုလက်ဖြစ်များလား။ ရှိပါစေတော့လေ၊ အိမ်ရောက်မှ ဆေးကောင်းသောက်ရတော့မှာပဲ။ ကျုပ်နှမ ပြောချင်တဲ့စကားကတော့ ဒီမော်တော်ကားတိုက်တဲ့ အကြောင်းကိစ္စပဲ။ အရင်ပထမ ကျုပ်ပြောတဲ့နည်းကို မှတ်မိရဲ့မဟုတ်လား။ တိုက်ပြီး

mgyoe.com

ပြန်မကြည့်ဘဲ ကားထွက်သွားလို့ ကားနံပါတ်ကို မသိလိုက်ရဘူးလို့ပြောဖို့ ကြံထားတာမှတ်မိတယ်မဟုတ်လား။အဲဒီနည်းလည်းတယ်ကြီး နေရာမကျသေးဘူး။ အခုကာလ မော်တော်ကားတွေ ဒီလောက် ရိုင်းကြတာ မဟုတ်ဘူး။ လူကိုတိုက်မိရင် ပြန်မကြည့်ဘဲနေတဲ့ ကားသမားမရှိပါဘူး။ သည်တော့ တစ်မျိုးပြောဖို့ ကျွန်တော်စိတ်ကူးရတယ်။ ခင်ဗျားကိုအစကတည်းက ကျုပ်ပြောအထားသားပဲ။ သာပြီးကောင်းတဲ့ နည်းကိုရရင် ပိုကောင်းတဲ့နည်းကိုအသုံးပြုဖို့ ပြောထားတယ်မဟုတ်လား။ သည်တော့ ပက်လက်လှန်ပြီးတွေးခိုက်မှာ စိတ်ကူးအသစ်တစ်ခု ပေါ်လာတယ်။ အဲဒီနည်းက သာပြီးယုတ္တိရှိတယ်။ ကျုပ်နှမကိုလည်း ပြောလိုက်ပြီ"

"ဘယ်လိုနည်းလဲ"

"ခင်ဗျားမောင်းလာတဲ့ကားနဲ့ တိုက်မိတယ်လို့ပဲ ပြောလိုက်တယ်။ သာပြီးယုတ္တိရှိသွားတာပေါ့။ မုသားဆိုတာ ချောမှကောင်းတာ။ ဒီမုသားမှာ အစွန်းအစ၊နဘေးနဘီ၊ဘဇင်းတောင်မထွက်ဘူး၊ ကျကျနန၊ ပိပိရိရိမရှိဘူးလား။ခင်ဗျားကလည်း သဘောကျလိမ့်မယ်လို့ ကျွန်တော်သဘောရတာပဲ။ အစေးကားနဲ့ တိုက်မိတယ်လို့တော့ ဘယ်နည်းနဲ့မှ ပြောလို့မဖြစ်ဘူး။ ခင်ဗျားအတွက် လွယ်ကူအောင်လည်း ကျုပ်ပြောလိုက်ပါတယ်။ ကားမောင်းလာခိုက်မှာ ကစော်နည်းနည်းမူးလာတာနဲ့ ဝင်တိုးမိတဲ့အနေ ကျုပ်ပြောထားတယ်။သည်တော့ ခင်ဗျားကိုလည်း အင်မတန်ကြီးအပြစ်ဆိုဖို့မရှိတော့ဘူး။ မသက်ာ၊အလွန်ဆုံး၊ စကားအဖြစ်ပြောရမယ်ဆိုရင်၊ အပြစ် ကျချင်းကျမယ်ဆိုတော့ ခင်ဗျားအပေါ်မှာကျဖို့မရှိ၊ ခင်ဗျားသောက်လာတဲ့ ကစော်အပေါ်မှာ တာဝန်ကျဖို့ရှိတာပဲ။ မဟုတ်လား မိတ်ဆွေ၊ ဒါပေမဲ့ ကျုပ်နှမက နည်းနည်း မကျေနပ်သေးဘူးဗျာ"

"သြော် ... မကျေနပ်သေးဘူးလား"

"မကျေနပ်ဘူး၊ မကျေနပ်ဘူး။ နက်ဖြန်ခါလည်း ခင်ဗျားနဲ့တွေ့ရလိမ့်မယ်။ ကျုပ်နှမ တော်တော်ကြမ်းတယ်၊ သူ့ဒေါသကတော်ကိုးဗျာ၊ ခင်ဗျားရုပ်ကိုမြင်ရုံနဲ့ ကြောက်မှာပဲ။ တွေ့ရင် ကြမ်းမှာစိုးရတယ်မိတ်ဆွေ၊ သည်တော့

mgyoe.com

mgyoe.com


တစ်ညလောက်တော့ သူ့ကိုချိုအောင်ယိုထိုးဦးမှပဲ"

"ချိုအောင်ယိုထိုးဆိုတာ ဘာလဲ"

"ဒီလိုမိတ်ဆွေ၊ သူသဘောကောင်းနေအောင် တင်ကြိုလုပ်ဖို့ ပြော တာပါ။ ကျုပ်နှမက လက်ဆောင်အင်မတန်ကြိုက်တယ်။ လက်ဆောင်နဲ့ တွေ့ရင်သူ့နှလုံးဟာ အရည်ပျော်သွားတာပဲ။ သဇင်ပန်းလက်ဆောင် ပို့လိုက်၊ သဇင်ပန်းကို အင်မတန်ကြိုက်တယ်။ သဇင်ပန်းပေါ်စနဲ့လည်း ကိုက်နေတာပဲ။ သည်တော့ လသာတုန်းဗိုင်းငင်ဆိုတာလို အခုစောစော စီးစီး သထုံဘက်ကလာတဲ့ပန်းတွေ လတ်ဆတ်တုန်းပဲ၊ အနွမ်းလက်ကျန် တွေရလို့လည်းမဖြစ်ဘူး။ အခုစောစော သဇင်ပန်းပြေးဝယ် နို့မဟုတ်ရင် မိုးလွန်မှထွန်ချ၊ လူမိုက်နောက်မှ အကြံရဆိုသလို ဖြစ်နေမှာစိုးရတယ် မိတ်ဆွေ။ ကုန်သည်လမ်း၊ နံပါတ် ၁၀၁ မှာရှိလေရဲ့။ ခင်ဗျားမှာ နာမည် ကတ်စက္ကူရှိတယ် မဟုတ်လား။ "မြေပိုင်ရှင် ဦးသာဒွန်းအောင်"ဆိုတဲ့ ကတ်စက္ကူကလေးပေါ့။ အဲဒါကလေးနဲ့တွဲပြီးသာပို့လိုက်။ ကျုပ်နှမ တစ်ခါ တည်းချို မသွားဘူးဆိုရင်၊ ကျုပ်ပါးကို ခင်ဗျားစီးထားတဲ့ဖိနပ်နဲ့ချ။ သို့သော်လည်း ကျုပ်ခင်ဗျားသတိထားဖို့တစ်ခု ပြောချင်တယ်။ ကျုပ်နှမ ဟာ စိတ်ထရင် အတော်ခက်တာဗျာ့၊ ကျုပ်ယောက်ဖလည်း ရှမ်းပြည်ပြန် သွားတာ၊ ဖြုံးခနဲ ရောက်ချင်ရောက်လာမှာ။ ကျုပ်နှမကို အခုကစပြီး အချိုသတ်မထားရင် ခင်ဗျားကိုလျော်ကြေးမှုတွေ ဘာတွေနဲ့ ဝတ်လုံတွေ ငှားပြီး ဇကန်တရားစွဲအောင်ပြောလိမ့်မယ်။ ကျုပ်ယောက်ဖကတော့ ကျုပ်ကိုတယ်ပြီး သဘောကျတဲ့လူမဟုတ်ဘူး။ သူ့အလိုအတိုင်းဆိုရင် ကျုပ်ကိုမော်တော်ကားနဲ့ ပေါင်ကျိုးအောင်တိုက်တဲ့လူမှန်ရင် သဘောကျ ပြီးသားပဲ။ သို့သော်လည်း ခက်နေတာတစ်ခုက ကျုပ်နှမပြောရင် ဘာမဆို လုပ်တဲ့လူဗျာ့။ ဒါပြောတော့ ကျုပ်တွေးမိသေးတယ်။ အရင်တစ်လလောက် က အစေခံတစ်ယောက်ကို ကျုပ်ယောက်ဖကြိမ်းလိုက်တာဗျာ။ ကြိမ်းပြီး တော့ ကျုပ်က ခင်ဗျားဘာပြုလို့ သည်လောက် ကြိမ်းတာလဲဗျာ၊ သူ့ခမျာ ကြောက်ရှာလွန်းလို့ဟု ကျုပ်ကပြောတာပေါ့ဗျာ။ သည်တော့ ကျုပ်

mgyoe.com

ယောက်ဖက ငါလည်းဘယ်သိမလဲ၊ မင်းနှမက ကြိမ်းလိုက်ပါဆိုလို့ ကြိမ်းရတာပဲလို့ ပြန်ပြောသဗျာ့။ ဘယ်လောက်ခက်တဲ့ ယောက်ဖလည်းဆိုတာ ခင်ဗျား ရှေ့ညဏ်ရင် ဆင်ခြင်သာကြည့်ပါတော့ဗျာ။ သည့်အတွက် သဇင်လတ်လတ်ကိုရအောင် ဝယ်ပါလေ၊ ပို့ပါလေ၊ သို့မဟုတ်ရင် နေမြင့်လေအရှုံးရင့်လေဆိုတာလို တရားတဘောင်ဖြစ်၊ ရှေ့ကြာဘလချောင် သာဒွန်းအောင်ဆိုတဲ့ စာခေါင်းကြီးတွေသတင်းစာထဲ ပေါ်လာလိမ့်မယ်။ မပေါ့လေနဲ့၊ ကျုပ်မေတ္တာရှိလွန်းလို့ ပြောတာပါ။ ခင်ဗျားကိစ္စမှာ သဇင်ပန်းဆိုတဲ့ စမ္ပာနဝအင်းနဲ့ ဆီးကာမှ ဖြစ်မယ်ဗျာ့"

ကျွန်တော်သည် ၎င်း၏မျက်နှာကို စိုက်ကာကြည့်ရင်း ၎င်း၏စကားတွေကို နားထောင်၍နေရာမှာ၊ ဦးခေါင်းချာချာလည်သလို ဖြစ်၍သွားပါကြောင်း။

"စောစောက ခင်ဗျား၊ ဒီလိုပြောမှမထားဘဲကိုးဗျာ့။ ကောင်းပါပြီဗျာ၊ လုပ်ရတာပေါ့။ ဒီလိုလုပ်လို့ ခင်ဗျားနှမ ချိုမယ်ဆိုရင် လုပ်ပါ့မယ်"

"ခင်ဗျား စိတ်မကောင်းဘဲလည်း မရှိနဲ့နော်၊ ဟဲ ဟဲ"

"ကိစ္စမရှိပါဘူး"ဟု ကျွန်တော်က ပြန်၍ပြောလိုက်ပါသည်။

ထိုအခါ ပန်းချီဆရာက၊ ဆက်၍ပြောပြန်သည်မှာ

"ကျုပ်တော့ အကောင်းဆုံးအကြံကိုပေးတာပဲ၊ မတော်တဆ အစေးတိုက်ကြောင်း ကျုပ်နှမသိရင် အင်မတန်ကြောက်စရာကောင်းမှာ။ ခင်ဗျားသိတဲ့အတိုင်းပဲ မိန်းမဆိုတာမျိုးဟာ သူတို့မိန်းမအချင်းချင်း တစ်ယောက်ကိုတစ်ယောက်အကြောက်အကန် အနိုင်ရတိုင်းလုပ်တဲ့အခါမှာ၊ ယောကျာ်းထက်ဆိုးတာ။ ခင်ဗျားမှာတော့ ယောကျာ်းမို့ ညှာမှာ၊ မိန်းမအချင်းချင်း ဘယ်တော့မှမညှာဘူး။ မိန်းမတစ်ယောက်ဟာ တခြားမိန်းမတစ်ယောက်ကို တအားအရှိန်နဲ့ ကန်ကျောက်တဲ့အခါမှာ၊ ယောကျာ်းတစ်ယောက်ကို ကန်တာထက် အဆတစ်ရာပြင်းထန်တတ်တာမျိုး၊ ခင်ဗျားကတော့ ပုလ္လိင်။ သည်တော့ သဇင်ပန်းတစ်ပိဿာလောက်ကို အပြုံးကလေးတစ်ချက်နှစ်ချက်နဲ့ရော၊ အချက်ကျတဲ့ စကားကလေး သုံးခွန်းလောက်ပြော။

mgyo.com

mgyoe.com

တစ်ခါတည်း ကိစ္စချောရောပေါ့ဗျာ။ မပူပါနဲ့၊ သို့သော်လည်း သတိထား နော်၊ ကျုပ်ယောက်ဖ ရွှေကြာဘလချောင်လည်းမမိစေနဲ့။ ဟိုလူက သူ့မယား ကိုသိပ်ချစ်တာ၊ သည်တော့ တလွဲထင်မှာလည်း စိုးရသေးတယ်။ ကိုင်း သွားပေတော့၊ ဆရာဝန်က ဒီတစ်ရက်နှစ်ရက်အတွင်းမှာ စကားများများ မပြောရဘူးလို့မှာသွားတယ်"

ထိုအကြံပေးချက်ကို ကျွန်တော် စဉ်းစားလေလေ၊ ကောင်းကြောင်း ထင်ရှားလေလေဖြစ်ကြောင်း တွေ့ရပါသည်။ သာဆွဲကို စိတ်ထဲက ချစ်ခင် သောကြောင့်လည်း မဟုတ်ပါ။ သာဆွဲလိုလူကို ကျွန်တော်သည် အဘယ် အခါကမှ အပေါင်းလုပ်ဖို့ရန် စိတ်ကူးမပြုခဲ့ပါ။ ကျွန်တော်၏ စိတ်အရှိကို ပြော၍ပြရမည်ဆိုပါလျှင် သာဆွဲကို တောက်တဲ့တစ်ကောင်နှင့် ယှဉ်၍ထား ပြီး၊ သာဆွဲကို အပေါင်းလုပ်မလား၊ တောက်တဲ့ကိုအပေါင်းအသင်းလုပ် မလားလို့မေးရင်၊ တောက်တဲ့ဟာ ဧကန်ဒိဋ္ဌ ချောင်ချောင်ကလေး မဲဆန္ဒရ မှာပဲ။ သို့သော်လည်း ၎င်း၏အကြံပေးချက်က ကောင်းလေတော့၊ လိုက်မှ တော်မည်ဟု အကြံပြုပြီး ပန်းဆိုင်များကို ကိုယ်တိုင်သွားပါကြောင်း၊ ဒီလို ကြီးလေးတဲ့အရေးမှာ သာဂိကိုလွှဲ၍မဖြစ်၊ ကိုယ်တိုင်ကြပ်မတ်လုပ်မှ ဖြစ်ဖို့ ရှိလေရာ၊ ကိုယ်တိုင်ဝယ်ခြမ်းပြီး သာဂိကို ကျွန်တော်၏ ကတ်စက္ကူနှင့် တကွအပို့ လွှတ်လိုက်ပါသည်။ ကျွန်တော့်မှာမူ ဟိုတယ်ဆိုင်တစ်ခုကို ဝင်ပြီး ဝီစကီဆိုဒါနှင့် တအောင့်တနားစဉ်းစား၍နေရစ်ပါသည်။

သာဆွဲ၏နှမ လာမည့်နေ့မှာ ကျွန်တော်သည် ကျွန်တော်၏ ဧည့်ခန်း၌ တစ်ကိုယ်တည်းထိုင်ကာ ဝက်မလွတ်ငှက်ပျောသီးမွှေးတစ်လုံးနှစ်လုံးနှင့် လက်ဖက်ရည်သောက်ပြီး သာဂိသည် လက်ဖက်ရည်ပန်းကန်များကို သိမ်း၍ သွားပါသည်။ ထိုအခိုက် ကျွန်တော့်မှာ သာဆွဲ၏ နှမလာလျှင် အဘယ် မျက်နှာထားမျိုးနှင့် ဆီးပြီးနှုတ်ဆက်ပြောဆိုရမည်ကို ရှေ့၌ရှိသောမှန်ကြီး၌ ကြည့်ကာ စတိုင်ပြင်၍နေခိုက်တွင်၊ ဖြုံးခနဲဝင်၍လာသူ၏ ခြေသံကိုကြား ရပါသဖြင့် မော်၍ကြည့်ရာ၊ ကျွန်တော်မှာ များစွာအံ့သြခြင်း ဖြစ်၍သွားပါ ကြောင်း။

mgyoe.com

ဘယ်သူဘယ်ဝါဟုမသိရ မျှော်တော့အမ၊ ပေါ်လာတာကအဖို၊ အဘယ်လိုအကြောင်းကို ဆိုမလို့ပါနည်းဟုစဉ်းစားကာ ဣန္ဒြေနှင့် ကျွန်တော့်ကို ရပ်ကာကြည့်၍နေသော ယောကျ်ားကြီးကို ကျွန်တော်က မေးခွန်းထုတ်သော မျက်နှာထားမျိုးနှင့် ကြည့်၍နေပါကြောင်း။

"ဘာကိစ္စလဲခင်ဗျာ ကြွပါ၊ ထိုင်ပါ"ဟု ကျွန်တော်ကပြောရင်း ကုလားထိုင်များကို လက်နှင့်ပြပါသည်။

အံ့ဖွယ်သောယောကျ်ားကြီးကား စကားမပြော၊ ကျွန်တော့်အား စားချင်သောက်ချင်သော မျက်နှာထားမျိုးနှင့် ကြည့်၍သာနေပါသည်။ အံသွားကြိတ်ပုံကိုလည်း မြင်ရပါသည်။ ထိုအခါ ကျွန်တော်တို့မှာ တိုး၍အံ့အားသင့်ပြီး၊အင့်ဟင်–ဒီလူဟာ အိမ်ကရန်ဖြစ်လာပြီး၊ ကုလားမနိုင် ရခိုင်မဲ မလို့လားဟု တွေးပြီး

"ခင်ဗျားတွေ့ချင်တဲ့လူ ကျုပ်မဟုတ်ဘူးထင်တယ်။ အိမ်မှားလာသလား"ဟု မေးလိုက်ပါ၏။

"ခင်ဗျား ကိုသာဒွန်းအောင် မြေပိုင်ရှင်ဆိုတာ မဟုတ်လား။ ကျုပ် အထူးကိစ္စရှိလို့ လာတယ်"

ထိုစကားကိုပြောပြီးနောက်၊ ၎င်းလူ၏ပါးစပ်များ၊ နှုတ်ခမ်းများ လှုပ်ရှားပြီး စမြုံ့ပြန်တော့မလိုလို၊ မျောက်လုပ်၍ ခြောက်တော့မလိုဖြစ်၍ နေသည်ကိုမြင်ရသဖြင့် ဒီလူဟာ ငါ့ကိုဘယ်တုန်းကစပြီး မျက်မုန်းကျိုးနေပါလိမ့်မလဲဟု တွေးပြီး

"ခင်ဗျား ကျွန်တော် ရီးတီးရားတားဖြစ်နေတယ်"ဟု ကျွန်တော်က ပြောရာ

"ကျုပ် ဦးရွှေကြာဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ဩော်၊ ဩော်၊ ဟုတ်ကဲ့ ထိုင်ပါ။ ရှမ်းပြည်က ရောက်လာသကိုး"

"မနက်ကပဲ ရောက်တယ်"

"တယ်မြန်ပါကလား"

"ဟုတ်ကဲ့၊ မြန်ရတာပေါ့"

mgyoe.com

mgyoe.com

"ခင်ဗျားတွေ့ရတာ အများကြီး ဝမ်းသာတယ်"

ကျွန်တော့်မှာလည်းချောင်း၌ တစ်ခုခုကိုမျှိုချနေရသဖြင့် ရုတ်တရက် စကားမပြောဘဲ ခဏကလေးဆိုင်း၍ နေရပါသည်။ ၎င်းငနဲသည် အိမ်ကို ရောက်ပြီး သူ့မယားက ကားတိုက်မှုအကြောင်း ပြောပြပြီးဆွလိုက်လို့ ဒေါ်ထလာတာပဲ။ အင်း သဇင်ပန်းများနဲ့ချီအောင် ယိုထိုးမှုပဲဟု စိတ်ထဲ၌ တွေးမိပါ၏။

"မောလာထင်ပါရဲ့၊ ဘာသောက်မလဲ၊ သာဂိရေ မြန်မြန်ပော့ဆိုကာ။ ဟိုဟိုလင်မနစ်၊ ဘာ၊ ဟိုဟာရှိသေးတယ်မဟုတ်လား။ ထုတ်လကွယ်"

"ကျုပ်မသောက်ဘူးဗျ၊ ကျေးဇူးပဲ"ဟု ကိုရွှေကြာဘလချောင်းက ပြောလျက် တောင်ရှည်ပုဆိုးကပုံကို မ,ကာ ပြောပါသည်။

"ဆေးလိပ်သောက်ပါခင်ဗျာ"

"မသောက်ပါဘူး"

"ကုလားထိုင်မှာ ထိုင်ပါဗျာ"

"မထိုင်ပါရစေနဲ့ဗျာ"

ထိုအခါ ကျွန်တော့်မှာ စကားရပ်ပြီး အင်း လင်မနစ်မသောက်သမား၊ ဝိစကီမသောက်သမား၊ ကုလားထိုင်မထိုင်သမားများဟာ၊ တော်တော် အပေါင်းရကျပ်မယ့်လူမျိုးပဲဟု ကျွန်တော်တွေးပြီး ပြုံးမိပါကြောင်း။

"ကျုပ် ရပ်ပြလာတာမဟုတ်ဘူးဗျာ။ ခင်ဗျားဘာပြုံးသလဲ၊ အခု ကျုပ်ပြောစရာ ကိစ္စတစ်ခုရှိတယ်"

"ပြောပါ ပြောပါ။ ဟိုကိစ္စကလေးအတွက် မဟုတ်လား"

ထိုအခါ ၎င်းလူက မျက်နှာရှုံ့ကာ၊ ဟင်းခနဲ နှာခေါင်းမှလေကို ထုတ်လိုက်ရာ ဘုရားစင်ပေါ်၌ရှိသော ညောင်ရေအိုး လွင့်၍သွားလုခမန်း ဖြစ်၍သွားပါသည်။

"ခင်ဗျားက ဟိုကိစ္စကလေးကို ပြောသလား။ ကျုပ်မရှိခိုက်မှာ ခင်ဗျား ကျုပ်မိန်းမကို ..."

"အင့်ဟင်၊ ဘာတွေလာပြီး တောင်စဉ်ရေမရ၊ အိပ်ရာကထပြီး

mgyoe.com

mgyoe.com

ယောင်ယမ်းလာ ထင်ပါ့ကလား"ဟု ကျွန်တော်တွေးပြီး

"ခင်ဗျားမိန်းမကို၊ ဘယ်သူက ဘယ့်နှယ်ပြောပါဦးဗျာ"

"အခု ကျုပ်ပြောပြီ။ ခင်ဗျား မကြားဘူးလား"

"ခင်ဗျား တစ်ခုခုမှားလာတယ်ထင်တယ်"

"မှားတာက ခင်ဗျားဗျ"

"နို့ ခင်ဗျား မိန်းမနဲ့ ကျုပ်မတွေ့ဖူးပါကလား"

"မတွေ့ဖူးလို့ပေါ့ဗျာ"

"မြင်တောင်မမြင်ဖူးဘူး၊ သူပြောငါပြော ကြားဖူးရုံရှိပါတယ်ဗျာ"

"ထွက်"

"အပ်ာတ်ပါခင်ဗျာ"

"ထွိ"

"ခင်ဗျားခက်နေပါပြီ"

"ဟင်း"

ကိုရွှေကြာဘလချောင်သည် ကျွန်တော့်ကို စိုက်ကြည့်ကာ "ခင်ဗျား ပန်းတွေ မပို့လိုက်ဘူးလား"ဟု မေးလိုက်ပါသည်။ ကျွန်တော်၏နှလုံးမှာလည်း ကျွမ်းသုံးပတ်ထိုး၍ သွားပါကြောင်း ...။

ထို့နောက် စကားဆက်ကာ

"ပန်းတွေခင်ဗျာ၊ သဇင်ပန်းတွေပါ၊ အဖုတ်လိုက်ကြီးပါ"

ကိုရွှေကြာဘလချောင်သည် စကားမဆက်နိုင်ဘဲ ပါးစပ်ဟပြီး မှန်ထဲကို ငေးစိုက်ကြည့်နေရာ ကျွန်တော်က တံခါးဘက်ကို လှည့်ကြည့်လိုက်ပါသည်။ ဝင်၍လာသူကား ကိုရွှေကြာဘလချောင်၏ဇနီး သူဌေးကတော်ပဲဟု တစ်ခါတည်း အလိုလိုသိလိုက်ပါသည်။

"ကြာကြာ"ဟု မိန်းမကခေါ်လိုက်ရာ၊ ကိုရွှေကြာဘလချောင်က "အင့်ဟင်"ဟု နှုတ်သီးမှာမြည်ပြီး၊ မျက်လုံးများပြူးပြီး ဆင်ကြံကြံသလို ဖြစ်၍လာလေ၏။ အောက်မေးစေ့သည် နှစ်လက်မသာသာ ရှေ့သို့ယွန်းထွက်၍လာ၏။ လက်သီးကိုဆုပ်ချည် ဖြန့်ချည်ဖြစ်လေ၏။ လက်ချောင်း

mgyoe.com

mgyoe.com

များမှာ ကွေးချည်စန့်ချည် ရိုးရိုးရွရွနှင့် တစ်ယောက်ယောက်၏လည်စိကို သေအောင်ညှစ်ဖို့ရန် အားအင်လုံလောက်စွာ ရှိမရှိကိုသိရအောင် လေ့ကျင့်ခန်းထုတ်၍ နေကြဟန်ရှိလေ၏။ ၎င်း၏မိန်းမသည် ပန်းများကို မတွေ့ရသဖြင့် မချိုဘဲရောက်၍လာသည်ကို သိရပါသည်။ ကျွန်တော်၏ အခန်းသို့ ၎င်းဝင်လာသည်ကို မြင်ရသော ယောကျ်ား၏ မသင်္ကာခြင်းသည်လည်း အခြေအမြစ်ခိုင်လုံ၍ သွားပါသည်။

ထိုကဲ့သို့နေရာမှ ကိုရွှေကြာဘလချောင်သည် ရှေ့သို့တစ်လှမ်းလှမ်းလိုက်ရာ သာဂိ၏ပန်းကန်ထဲမှ လျှော၍ကျရစ်ခဲ့သောအခွံနှင့် ဝက်မလွတ်ငှက်ပျောသီးအပိုင်းကို သမံတလင်းပေါ်မှာနင်းမိပြီး မြောက်ခနဲဖြစ်ပြီးနောက်ကျွမ်းသုံးပတ်လည်၍သွားပါသည်။ ကျွန်တော်၏ မျက်စိရှေ့လဟာပြင်ထဲမှာ ကိုရွှေကြာဘလချောင်၏ ခြေလက်တွေ ရှုပ်ပွေ၍သွားပြီး ဘန်ကောက်ပုဆိုးကြီးကဝဲခနဲ၊ နဂါးဂဋ္ဌုန်လိုက်သလို ဖြစ်၍သွားပြီးနောက် ဗုန်းခနဲသက်ဆင်းလိုက်ရာ၊ အခန်းတမံသလင်း အင်္ဂတေမှာအတော်ကြီးအက်ကြောင်းထ၍သွားပါသည်။ ၎င်းသည် စက်ပျက်သောလေယာဉ်ပျံစိုက်ကာဆင်းသလို နံရံကိုရိုက်ကာ ဆင်းလိုက်ပါကြောင်း။

ထိုအခါ တော်ပြီ၊ တော်ပြီ ဒါထက်ပိုပြီး ငါမလိုတော့ပြီဟု စိတ်၌အောက်မေ့ကာ အခန်းပြင်သို့ထွက်၍ လာပါသည်။ အပြင်သို့ရောက်သောအခါ၊ သာဂိက "ဆရာ ခုတင်က အသံကြီးတစ်ခု အခန်းထဲကလိုလို ကြားလိုက်ရတယ်ဆရာ"

"ဟုတ်ပေလိမ့်မယ်၊ ကိုရွှေကြာဘလချောင်ပေါ့ကွဲ."

"ဆရာ"

"ကိုရွှေကြာဘလချောင်၊ ကျော်စိုးလုပ်ပြတယ်။ အရိုးညွန့်ပေါင်းစုံတော်တော်များများကလေး ကျိုးသွားထင်ပါရဲ့"

"ကောင်းပါ့ ဆရာ"

"အကယ်၍ ငါထင်တဲ့အတိုင်းမှန်လို့၊ တစ်ကိုယ်လုံးပျက်စီးသွားရင်၊ ဟိုဘက်ခန်းကိုသွင်းပြီး၊ ဆရာဝန်တစ်ယောက် ခေါ်ပြလိုက်တာပေါ့တပည့်

mgyoe.com

mgyoe.com

ရယ်။ အိမ်တော့ဖြင့် ကိုရွှေကြာဘလချောင်တို့ ဆွေမျိုးတစ်စုနဲ့ ပြည့်နေတော့မှာပဲ တပည့်ရဲ့"

"ဟုတ်ကဲ့ ဆရာ"

"သူတို့ အမျိုးကုန်လောက်ပါပြီ၊ သို့သော်လည်း မတော်တဆ၊ ကိုရွှေကြာ ဘလချောင်ဘက်က တော်စပ်တဲ့ ဦးကြီး အရီးများ ထပ်ရောက်လာပြီး၊ သူတို့ကိုယ် သူတို့ချိုးဖွဲ့ပစ်ရင်လည်း မော်တော်ကားရုံထဲမှာ သိပ်လိုက်ဟေ့"

"ဟုတ်ကဲ့ ဆရာ"

"ငါ စိတ်ရှုပ်တယ်၊ ကလောဘက်သွားလိုက်ဦးမယ်၊ ငါနေတဲ့နေရာကို သံကြိုးရိုက်လိုက်မယ်လေ။ ကိုရွှေကြာဘလချောင်တို့ သာဆွဲတို့ လူစုများ၊ စမြင်းလုံးထွက်သလို ရှင်းကုန်အောင် အိမ်ကို ဝမ်းနုတ်ဆေးကလေး ဘာကလေး ကျွေးရစ်ပေရော့။ အဲ သူတို့တတွေ အကုန်သေပြီးလို့ အိမ်စင်စင်ကြယ်ကြယ်ရှိပြီဆိုတော့ ငါ့ကိုသံကြိုးရိုက်လိုက်၊ ငါသွားဦးမယ် ဒါထက် သာဂိရေ ..."

"ဆရာ"

"သူတို့ကို တတ်နိုင်သမျှ ချိုအောင်လုပ်ထား၊ ဟိုကောင်မက သူ့မောင်ကို ငါ့ကားနဲ့တိုက်တယ်လို့ ယူထားတယ်။ မင်းကိုက်အောင်ညီအောင် မင်းထိုးနိုင်သမျှ ယိုထိုးနှင့်။ ဟိုကောင်မကသာ အရေးကြီးတယ်"

"ကောင်းပါပြီ ဆရာ"

"ကိုင်း ငါသွားမယ်၊ အလောင်းများ သွားကြည့်လိုက်ပါလကွယ်။ ဘူတာရုံမှာပစ္စည်းများနဲ့ အသင့်စောင့်နေ၊ ငါ မြန်မာဟိုတယ်ကြီးမှာ နံနက်စာစားမယ်"

ကျွန်တော် ကလောမှာ အေးအားကြီးသဖြင့် ချက်ချင်းပြန်လည်ပြီး နောက်တနင်္ဂနွေ နှစ်ပတ်လောက်ကြာသောအခါ ဟိုင်းကြီးကျွန်းဘက်မှ ရန်ကုန်သို့ လှည့်ပြန်ဆိုက်ရောက်၍လာပါသည်။

ရန်ကုန်ဘူတာ တံတားကြီးကလည်းထွက်ကရော့။ ဆိုင်းဘုတ်ကို

mgyoe.com

mgyoe.com


မြင်ရတာပါပဲခင်ဗျား။

ကြည့်သူတွေ တစ်လမ်းလုံးမှာ ကျပ်၍နေကြရာ၊ ကျွန်တော်လည်း မတိုးနိုင်သဖြင့် ဆိုင်းရပ်ကာ၊ လှပစွာဆင်၍ထားသော ဘတ်စ်ကားကြီးကို ကြည့်၍နေပါသည်။ ကျွန်တော်၏ အံ့အားသင့်ခြင်းမှာ အဘယ်အရာနှင့်မျှ နှိုင်းယှဉ်၍မရအောင် ဖြစ်၍သွားပါသည်။ အကြောင်းမူကား ဘတ်စ်ကားကြီး၌ကပ်၍ထားသော အောက်ပါစာလုံးကြီးများကို မြင်ရပါကြောင်း ...

**ကိုရွှေကြာ—ဘလချောင်။**

**၎င်း၏အောက်၌**

**နှုတ်ကို အထူးမြိန်စေ၍ အစားကို**

**ကြွေလွယ်စေသည်။**

ဟူ၍ ပါရှိပါသည်။ ထိုထက်ပိုမိုအံ့သြခြင်းကို ဖြစ်စေသောအရာမှာ၊ ထိုစာတမ်းနှစ်ခု၏စပ်ကြား၌မြင်ရသော ကျွန်တော်၏ရုပ်ပုံဖြစ်ပါကြောင်း။

ထိုအခါ ကျွန်တော်၏ရုပ်ပုံသည် အရိုးကိုလှမ်းမြင်ပြီး စားချင်စိတ်ပေါ်၍နေသော ကျုပ်ခွေး(ဘောက်)မျက်နှာနှင့်တူသည်ဟူသော သာဂိ၏ ဒေသနာစကားသဘောကို ပြန်လှန်တွေးမိသတိရပြီး မခံချည့်ဖြစ်လျက်၊ ကမ္ဘာပေါ်တွင် ထိုထက်စက်ဆုပ်မုန်းထားဖွယ်သော အာရုံကို တစ်ခါမျှ မကြုံစဖူးဟုမှတ်ထင်လိုက်ပါသည်။ ကျွန်တော်၏ရှေ့၌ ဇွန်းတပ်၍ထားသော ဘလချောင် ငါးပိပန်းကန်နှင့် ပေါင်မုန့်အချပ်များရှိရာ၊ ကျွန်တော်၏ မျက်နှာမှာ ရက်ပေါင်းများစွာ ခါနာနှင့်မတွေ့ခဲ့ရသဖြင့် စားချင်စိတ်နှင့် နှုတ်ခမ်းပြင်ခါ သွားရည်ယိုတော့မလို ဖြစ်၍နေပါသည်။ ကျွန်တော်မှာ အဘယ်ပုံဖြစ်သွားသည်ဟု မဖြေနိုင်အောင် ရှိနေပါကြောင်း။

အိမ်ကိုရောက်သောအခါ သာဂိက ဆီး၍ကြိုလာပြီး

"ဆရာပြန်လာမှကိုး"

"ပြန်လာတာထားလိုက်ဦး၊ ဟိုဒင်းတွေဟာ ဘယ့်နဲ့ဟာ ..."

"ကြော်ငြာတွေလား ဆရာ၊ ဆရာ မြင်မှမြင်ပါ့မလားလို့၊ ကျွန်တော် ပူနေတယ်"

mgyoe.com

"ငါမြင်ခဲ့တယ်"

"သိပ်ဟန်မကျဘူးလားဆရာ။ တော်တော်ထိတယ်"

"အင်း ထိတာပေါ့။ နို့ ပြောစမ်းပါဦး ဘယ်လိုဖြစ်တယ်ဆိုတာ"

"ဒီလိုဆရာ၊ ဆရာက သူတို့ကို ချိုအောင်လုပ်ဖို့မှာသွားတယ်မဟုတ်လားဆရာ"

"အေး"

"ကိုသာဆွဲအစ်မက သူ့လင်ကို တိုက်တွန်းလို့ တရားစွဲမယ်လေး ဘာလေးနဲ့ တကဲကဲဖြစ်နေတယ်။ သည်တော့ ကိုရွှေကြာ မာလာပြီး၊ ဆရာ့ကားကို တစ်နေ့စိုက်ကြည့်နေရာမှာ ကျွန်တော်က ဒီကားဟာ ဘလချောင်ငါးပိကြော်ငြာရာမှာ အသုံးပြုဖို့ အင်မတန်ကောင်းတယ်လို့ အကြံပေးလိုက်တယ်"

"အင်း မင်းကလေ"

"ဟုတ်ကဲ့ဆရာ၊ ကိုရွှေကြာဘလချောင်လည်း ကျွန်တော်ပေးတဲ့ အကြံကို သဘောကျသွားတယ်။ သည်တော့ ကျွန်တော်က ခင်ဗျားတို့ ကျွန်တော့် ဆရာကို တရားတဘောင်မစွဲရင် ဒီကားကို ကြော်ငြာအတွက် သုံးရစေ့မယ်လို့ပြောတော့ အားလုံးသဘောတူတာနဲ့၊ ဆရာမကလေး အစေးနဲ့ စကားပြောကြတာပဲ"

"ဒီလိုဖြင့် ဒီကားရေးသူ မူပိုင်ရှင်အဖြစ်နဲ့ အတော်အတန်ရမှာပေါ့"

"ရတယ်ဆရာ၊ ကိုသာဆွဲနဲ့ပြီးတာပါပဲ။ ကိုသာဆွဲက ဆရာမအစေး ကိုယ်စားလှယ်အဖြစ်နဲ့ စကားပြောတယ်။ အားလုံး ငွေသုံးရာကို ဆရာမ အတွက်ဆိုပြီး ကိုသာဆွဲလက်ထဲထည့်လိုက်တာ မြင်တာပဲ"

"သာဆွဲနဲ့ ဘာဆိုင်သလဲ"

"ကိုသာဆွဲနဲ့ အစေးတောင်းပြီးရမ်းပြီး၊ နားဖောက်ပြီးလို့ လင်မယား သဘောမျိုးပေါ့ဆရာ"

"လင်မယား ... အင့်ဟင်"

"ဟုတ်ကဲ့ ဆရာ"

mgyoe.com

"အင်း မိန်းမ၊ မိန်းမ တယ်ရက်စက်တဲ့အမျိုးပါကလားနော်"ဟု ကျွန်တော်၏စိတ်ထဲ၌ အောက်မေ့ပြီး ....

"မိန်းမများ တယ်ကြောက်စရာကောင်းပါလား သာဂိ"

"ဟုတ်တယ် ဆရာ"

"ငါ့မျက်နှာကိုတော့ အိုးမဲသုတ်သလိုဖြစ်တော့တာပဲ"

"ဟုတ်ကဲ့ဆရာ"

"ငါတော့ ဒီမြို့မှာနေလို့ မတော်ဘူး၊ ကြီးကြီးအေး လာသလား"

"တစ်နေ့ ဆယ်ခါလောက် လူလွှတ်တယ်ဆရာ"

"အဲဒါ ဒီ(ဆိုင်းဘုတ်)တွေပဲ၊ ငါတော့ ပြေးမှပဲ"

"ဟုတ်ကဲ့ဆရာ"

"မန္တလေးပြေးရမကောင်းဘူးလား"

"မန္တလေးက သာပြီးဆိုးတယ်ဆရာ။ ဟိုမှာ ကိုရွှေကြာဘလချောင် လက်ကားဆိုင်ခွဲကြီးဖွင့်ပြီး၊ အံကြီးအကျယ်ကြော်ငြာကြတော့မလို့တဲ့"

"ဒီလိုဖြင့် ဘယ်ပြေးမလဲ"

"ကျွန်တော်တော့ ကြီးကြီးအေးတို့နဲ့ သာယာဝတီဘက် သူပုန်ကြည့်လိုက်ရ ကောင်းမယ်ထင်တာပဲ။ ကြီးကြီးအေး ထမင်းချက်တဲ့ ဆရာကြီး မမာနေလို့ ကြီးကြီးအေးကလည်း ခွဲပြီးပစ်မထားခဲ့ချင်သည့်အတွက် ဆိုင်းနေကြတယ်"

"ဟုတ်လား ဒီလိုဖြင့် နေရာကျပဲ၊ နတ်တို့ဖန် ရေကန်အသင့်ကြာ အသင့်ဆိုတာ ကျနေတာပဲ သာဂိရေ"

"ဟုတ်ကဲ့ ဆရာ"

"ငါလည်း တော်တော်သွားချင်နေတာ"

"ကျွန်တော်လည်းပဲ ဆရာ"

"သူပုန်မကလေးတွေ ချောမှာပဲကွဲ့။ ဥက္ကံသုံးဆယ် အပျိုချောတဲ့၊ လှိုင်ဘောလယ်ဆိုတော့၊ သာယာဝတီဟာ သုံးဆယ်နဲ့ တစ်ဆက်တည်း ကွဲ့။ သာဂိရေ၊ နတ်ပြည်ပဲဟဲ့"

mgyoe.com

"ဟုတ်ကဲ့ ဆရာ့"

"အလံတောင်အထိ ငါတို့တက်မယ် သာဂိရေ့၊ မကြောက်နဲ့နော်"

"ဟုတ်ကဲ့ ဆရာ့"

"လယ်ပြင်တွေ မြင်ရမှာပဲ"

"ဟုတ်ကဲ့ ဆရာ့"

"ပြီးတော့ ရွာပျက်တွေလည်း"

"ဟုတ်ကဲ့ ဆရာ့"

"ငါဖြင့်သိပ်ပျော်တာပဲ သာဂိရေ့"

"ဆိုင်းဘုတ်တွေကော ဘာလဲ၊ အစေးကော ဘာလဲ၊ ဥက္ကံသုံးဆယ် အပျိုချောတဲ့ လှိုင်ဘောလယ်ကို သွားမဟော့"

"ဆရာ ဘယ်အထိသွားမလဲ"

"ဂဠုန်နယ် ကုန်အောင်သွားမယ်"

"ဘယ်ကုန်နိုင်မလဲ ဆရာရယ်။"

"မကုန်ရင် မရပ်ဘူး သာဂိ၊ ကိုင်း ပြင်ပေတော့"

"ဟုတ်ကဲ့ ဆရာ့။"

(သူရိယ မဂ္ဂဇင်း၊ စက်တင်ဘာ၊ ၁၉၃၁ ခုနှစ်။)

❑

mgyoe.com

mgyoe.com

# မေ့တတ်သူ

မောင်ကောင်း၏ စာလုံးစက်နှိပ်သော စာရေးမကလေး မေရီသည် မောင်ကောင်း၏ လက်ယာဘက်ရှိ စားပွဲပေါ်တွင် လက်ဖက်ရည်တစ်ခွက်နှင့် ဘီစကွတ်မုန့်များကို လာ၍ချလေ၏။

"ဩော် … လက်ဖက်ရည်လာပလား။ ၃ နာရီခွဲပြီ။"

"ဟုတ်တယ်၊ ကျွန်မမမေ့နေမိလို့ပါ၊ ကိုကို ဘီစကွတ်မုန့်ကို ကြိုက်သလား၊ တို့စ်ကိုကြိုက်သလားလို့ ကျွန်မ စောစောကမေးမလို့ပဲ၊ ဒါနဲ့ မမေးမိဘူး။နို့မေမဲ့ဘီစကွတ်ကို မကြိုက်ရင်လည်း ခုချက်ချင်းကျွန်မလဲပေးနိုင်ပါတယ်။ မကြာပါဘူး၊ ကျွန်မ မေ့တတ်တာတစ်ခုကို ဘယ်လိုလုပ်ရမလဲ မသိဘူး"

"ကိစ္စမရှိပါဘူးကွယ်၊ နို့သော်လည်း ကိုကိုတို့အလုပ်တော့ နေရာမကျတော့ဘူးထင်တယ်"ဟု ပြောလေ၏။

"ဘာဖြစ်လို့လဲကိုကို၊ ကျွန်မကို မထားနိုင်တော့ဘူးလား ဖြုတ်ပစ်မှာလား"

"ကိုကို့စာအုပ်ဆိုင်မှာ အမှာစာ တစ်လလုံးနေလို့တောင် စာတစ်စောင်မရောက်ဘူး၊ ဒီတော့ ဆိုင်လခကြီးကို အလကားပေးမထားနိုင်ဘူး။ ရပ်ရမှာပဲ"

mgyoe.com

mgyoe.com

"ကျွန်မကိုကော မလိုတော့ဘူးပေါ့"ဟု မေရီက မေးလေ၏။

"ငွေမှမရဘဲ၊ ဘယ့်နဲ့လုပ်မလဲ မေရီ"ဟု မောင်ကောင်းက ပြောလေ၏။

"ကျွန်မ အင်မတန်မေ့တတ်တဲ့အတွက် အလုပ်တွေရှုပ်ကုန်တယ် ထင်ပါရဲ့"ဟု မေရီက ပြောလေ၏။

"နောက် တော်တော်ကြာရင်၊ အမှာစာတစ်စောင်မှ လာတော့မှာ မဟုတ်ဘူး"

"ကိုကို ဘာပြောတာလဲ"

"ကိစ္စမရှိပါဘူး"ဟု မောင်ကောင်းက ပြောလေ၏။

"ကိုကို ကျွန်မကို အလုပ်ဖြုတ်တော့မှာလား"

(မောင်ကောင်း၏ စာအုပ်ဆိုင်မှာ အလုပ်လုံးလုံးကြီးရပ်စဲရတော့မလို ဖြစ်၍နေလေ၏။)

"ဒီလိုသာ နောက်တစ်လလောက်နေရရင် ဆိုင်းဘုတ်ဖြုတ်ဖို့ ရှိတာပဲ၊ လှလှပပ ပြင်ဆင်ထားတဲ့ အလုပ်ခန်း၊ ကိရိယာတန်ဆာပလာတွေကိုလည်း ရောင်းချစားရတော့မယ်။ အမှန်အတိုင်းသာပြောရမှာဖြင့် ကိုကို့မှာ အလုပ် အကိုင်မရှိဘူး။ အလုပ်မရှိရင် ငွေမရှိဘူးပေါ့"

"ဩော်... ဒါထက် ခုမှသတိရတယ်။ မနက်က ဇမ္ဗူဒီပရုပ်ရှင်ကုမ္ပဏီ က တယ်လီဖုန်းနဲ့ ကိုကို့ကိုမေးတယ်။ တိုက်ရှင်ကတော့ မဟုတ်ပါဘူး။ သူ့စာရေးမကလေးက မေးတာပဲ"

"ဟုတ်ပြီ ဘာပြောသလဲ"

"များများတော့ မပြောပါဘူး။ ရုပ်ရှင်ကုမ္ပဏီမန်နေဂျာ ကိုလှမောင် ထံ တယ်လီဖုန်းနဲ့ အကြောင်းကြားပါလို့ ကိုကို့ကို မှာတယ်"

"ဟုတ်သလား၊ ဘယ်အတွက်ကြောင့် စောစောက ကိုကို့ကိုမပြော သလဲ"

"ကျွန်မ မေ့နေလို့ပါ"ဟု စိတ်လက်မကောင်းသော အမူအရာနှင့် ပြန်၍ ပြောဆိုလေ၏"

mgyoe.com

"အဲဒါ ဒုက္ခပဲဟု မောင်ကောင်းက ပြောလေ၏"

"ကျွန်မမေ့တာဟာ သိပ်စိတ်မကောင်းဖြစ်တာပဲ"

"အေး၊ အေး၊ ဒါကိစ္စမရှိတော့ပါဘူး"ဟု ပြောပြီး တယ်လီဖုန်းကိုကိုင်၍ (ဟာလို, ဟာလို) ဒါ ကိုလှမောင်လားဟု မောင်ကောင်းကပြောလေ၏။ "ကျုပ်နာမည် မောင်ကောင်းပါ။ ကိုလှမောင်ကို စကားပြောချင်လို့ပါ"

"ကိုလှမောင် အခု တိုက်မှာမရှိဘူး"ဟု စကားပြန်၍ပြောသေး၏။

"သူ စောစောက တယ်လီဖုန်းနဲ့ သူ့ကိုခေါ်ဖို့ မှာထားတယ်"

"ဒီအကြောင်း ကျွန်မ ဘာမှမသိဘူး၊ ရှင့်နာမည် ဘယ်သူ၊ သူတော့ ကနေ့မလာတော့ဘူး၊ အိမ်ကိုပြန်သွားပြီ။ ရှင့်နာမည်ကို ပြောစမ်းပါဦး"

"မောင်ကောင်းပါ"

"ဩ် ... ကိုကောင်းလား"

"ဟုတ်ကဲ့"

"ရှင်ပို့ထားတဲ့ ဇာတ်ညွှန်းကြီးအကြောင်းလား"

"ဟုတ်တယ်၊ ကိုလှမောင်က ဒီကနေ့မနက် စကားပြောချင်တယ်လို့ မှာထားလို့ပါ"

"ဟုတ်ပါတယ်၊ မှာတာ ဒီကနေ့မနက် စကားပြောဖို့မှာတာပဲ"

"ဒီကနေ့မနက်လား"

"ဒီကနေ့မနက်ကိုလှမောင်ကို တယ်လီဖုန်းနဲ့စကားပြောဖို့မှာတာပဲ။ အခုကိုလှမောင်သွားပြီ၊ဒီကနေ့မနက်ရှင်နဲ့စကားမပြောရတဲ့အတွက် အများကြီး စိတ်မကောင်းဖြစ်သွားတယ်။ ရှင့်ဇာတ်ညွှန်းကိုလည်း သူဂရုမစိုက်တော့ဘူး"

မောင်ကောင်းသည် မေ့ရီမေ့လျော့သည့်အတွက် ဒီလိုဖြစ်တာပဲ။ ငါ့အလုပ်နေရာမကျအောင် ကြံဖန်ပြီး ဖြစ်တာပဲဟုတွေးကာ စိတ်ဆိုးလေ၏။ သို့သော် "နက်ဖြန် သူနဲ့စကားမပြောရဘူးလား"ဟု မောင်ကောင်းက မေးပြန်လေ၏။

"ပြောဖို့ခက်တယ်ကိုကောင်း၊ ပြောလို့ရမယ်မဟုတ်ဘူး၊ ကိုလှမောင်

mgyoe.com

mgyoe.com

ဟာ လူဆန်းတစ်ယောက်ဖြစ်တယ်။ သူကိုယ်တိုင် အင်မတန်စကားမှန်တဲ့သူ၊ တခြားသူများလည်း သူ့လို စကားမှန်လိမ့်မယ်လို့ သူယုံကြည်ထားတာပဲ၊ တွေ့ရမယ့်အချိန်မှာ တွေ့ရမှ၊ စကားပြောရမယ့်အချိန်မှာ ပြောရမှ ကြိုက်တယ်။ ဒီကနေ့ ရှင့်ကို စကားမပြောရလို့ ရှင့်ကို ယခုလိုမှာသွားတယ်။ သူနောက်ဆုံးရေးတဲ့စာကိုလည်း ရှင်မပြန်ကြားဘူး။ ဒါကိုလည်း သူစိတ်မကောင်းဘူး၊ စိတ်ဆိုးတယ်"

"ဒါကို ကျုပ် စာပြန်လိုက်တာပဲ"

"ကျွန်မတို့ ပြန်စာမရပါကလား၊ ဒီကနေ့မနက် သူ တယ်လီဖုန်းနဲ့ စကားပြောတာ ရှင့်ကို နောက်ဆုံးအခွင့်အရေးပေးခြင်းပဲ"

"ဒါဖြင့် မနက်ဖြန်သူ့ကို တယ်လီဖုန်းနဲ့ပြောပြရရင် မကောင်းဘူးလား"

"အကျိုးရှိမယ်မထင်ဘူး ကိုကောင်း၊ နောက်ကျအားကြီးသွားပြီ"

"ဒီလိုဖြင့် ဒီအကြောင်းနဲ့စပ်လို့ သူ့ကိုဘာမှပြောဖို့မရှိတော့ဘူးပေါ့လေ"ဟု ပြောပြီး နားထောင်နေသော တယ်လီဖုန်းကို ချိတ်လိုက်လေ၏။

"နေရာကျရဲ့လား"ဟု မေရီက မေးလေ၏။

မောင်ကောင်းသည် အများကြီး စိတ်မကောင်းဖြစ်၍နေလေ၏။ မိမိ၏အလုပ်ကို ပြန်၍တည်ထောင်ရန် ငွေကြေးလို၍နေရာ၊ ထိုငွေရတော့မည့်အခါ၌ လွတ်၍သွားသည့်အတွက် စိတ်အပျက်ကြီး ပျက်မိလေ၏။ ၎င်းသည် စိတ်ကိုချုပ်၍မရတော့ပေ။ မေရီကို ချစ်၍နေသော အချစ်စိတ်သည် ထိုခဏအတွင်း ပျောက်ကွယ်၍သွားလေ၏။

"နေရာမကျဘူး၊ အလကားပဲ၊ဟိုတယ်လီဖုန်းစကားဟာ ကိုလှမောင် ဒီကနေ့မနက် စကားပြောဖို့မှာတာ"

"ကျွန်မလည်း သိပ်စိတ်မကောင်းဖြစ်တာပဲ"

"ဒီအပြင်လည်း အခြားတစ်ခုရှိသေးတယ်၊ ကိုကိုရေးလိုက်တဲ့ နောက်ဆုံးစာဟာ ကိုလှမောင်ဆီ မရောက်ဘူးဆိုပါကလား။ ကိုကိုရေးပြီး မင်းအိမ်ပြန်တော့ထည့်ဖို့ ကိုကိုပေးလိုက်တယ်မဟုတ်လား၊

mgyoe.com

"ဟုတ်ပါတယ်၊ ကျွန်မသိပါတယ်။"

"သိပြီးတော့ကာ မင်းစာတိုက်ကို ထည့်ဖို့လည်း မေ့နေတယ်မဟုတ်လား။ အဲဒါ ပြီးတာပဲ၊ ကိုလှမောင် စိတ်ဆိုးသွားပြီ၊ ကိုကိုရေးတဲ့ဓာတ်ညွှန်းကို ဂရုစိုက်တော့မှာ မဟုတ်ဘူး"

(မေရီမှာ အသက်မရှူတတ်အောင် ဖြစ်၍သွားလေ၏။ ထို့နောက်ဒါ ကျွန်မအပြစ်ပါပဲ)ဟု ပြောလေ၏။

"ဒါ ဟုတ်တာပေါ့"

"ကိုကို ကျွန်မကို အလုပ်ဖြုတ်ပစ်တော့မလား"ဟု ပူပင်သောအမူအရာနှင့် မေးမြန်းလေ၏။

မောင်ကောင်းသည် မေရီကို သေချာစွာကြည့်ပြီး (အေး)...ဟု ပြောတော့မည်ဖြစ်ရာမှ ၎င်းစကားကိုမပြောဘဲ ရပ်၍ထားလိုက်ရာမှ ...

"ကိုကိုတစ်ခုခိုင်းဦးမယ်၊ ဒီတစ်ခါမေ့ရင်တော့ အပြီးပဲ"

သို့သော်လည်း ၎င်း၏အခြေအနေမှာ စိတ်လျှော့ရတော့မည့် အခြေအနေမဟုတ်သေးပေ။ စိတ်လက်လေးလံစွာနှင့်ပင် လမ်းဘက်ကိုကြည့်ရင်းအဘယ်ပုံ မိမိ၏အလုပ်ကို အသက်သွင်းရမည်နည်းဟု စဉ်းစား၍နေလေ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ၌လည်း အားတက်စရာမရှိ။ ဆိုင်၏အခြေအနေမှာ ဤအတိုင်းသာနေလေ၏။ အလုပ်အကိုင်များမှာ မှောင်ကျ၍နေလေ၏။ မေရီမှာလည်း လွန်စွာစိတ်ပူလျက် အားငယ်နေဟန်ရှိလေ၏။ မေရီအတွက်လည်း စိတ်မကောင်းဖြစ်မိလေ၏။ မနေ့ကမေရီကိုစိတ်ဆိုးမိသည့်အတွက် နောင်တရမိလေ၏။ ထို့နေ့နံနက်၌ အိမ်ရှင်ဦးဘအောင် လာကြောင်းကိုပြောဖို့ရန် မေရီဝင်၍လာသောအခါ၊ ထားမြဲတိုင်းဖြစ်သော မျက်နှာထားနှင့် ပြုံးရွှင်စွာကြည့်လေ၏။

"အိမ်ရှင်ဦးဘအောင်က ကိုကို့ကို တွေ့ချင်တယ်လို့ ပြောတယ်"

မောင်ကောင်းသည် ညည်းညူလျက် "လာပါစေကွယ်"ဟု ပြောလိုက်လေ၏။

mgyoe.com

mgyoe.com

ဦးဘအောင်သည် ကြီးထွားဝတုတ်သောကိုယ်နှင့် အခန်းထဲသို့ ရောက်၍လာလေ၏။ ၎င်းမှာ ချမ်းသာကြွယ်ဝသော အသွင်ကိုဆောင်သူဖြစ်လေ၏။ မျက်နှာမှာဖောင်းပွ၍နေ၏။ ပြေပြစ်သော အမူအရာရှိလေ၏။

"ဘယ့်နှယ်လဲ မောင်ကောင်း၊ ဒီကနေ့ ဘုရားပေါ်မှာ အစည်းအဝေး ရှိတယ်ဆိုပါကလား၊ မင်း မသွားဘူးလား"

"အစည်းအဝေးတွေ ဘာတွေကို ဂရုမစိုက်နိုင်ဘူးခင်ဗျာ"ဟု မောင်ကောင်းသည် ပြောပြီး၊ ဦးဘကောင်းဟာ အစည်းအဝေးအကြောင်းကို မေးဖို့ရန် သက်သက်လာသည်မဟုတ်။ အခြားအကြောင်းတစ်ခုခု ရှိတန်ရာသည် ဟုရိပ်မိသဖြင့်၊ "ကိစ္စကိုဆိုပါဦး ဦးရယ်"ဟု မေးလေ၏။

"ကိစ္စကတော့ အိမ်လခကိစ္စကလေးပါပဲ၊ မထူးပါဘူး"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ အခုအတောအတွင်းမှာ မချောင်လည်သေးလို့ပါဗျာ။အချိန်နည်းနည်းကလေးပိုပေးနိုင်ရင်နေရာကျမှာပဲ"ဟုမောင်ကောင်းက ပြန်၍ပြောလေ၏။

"ဟောဟော၊ နေရာကျမယ်မဟုတ်ဘူးထင်တယ်။ မဖြစ်ပါဘူး၊"

"ဦးငွေဟာ မဆုံးပါဘူး၊ ဦးကို ကျွန်တော်မလိမ်ပါဘူး၊ အချိန်နည်းနည်းသာ ပိုတောင်းတာပါ"

"မောင့်စကားကို ဦးယုံပါတယ်၊ ဦးမယုံလို့မဟုတ်ပါဘူး၊ နို့သော်လည်း အလုပ်ဆိုတာ အလုပ်နဲ့တူမှကောင်းတာပေါ့။ မောင်ရေးတဲ့ (ဆီနာရီရို)ဆိုတာကော ရောင်းရပလား"

"အခုချက်ချင်းတော့ မရောင်းရသေးပါဘူး"

ဦးဘအောင်က "ဒီလိုကွဲ့တူမောင်ရဲ့၊ ဦးမှာ ခြံကောင်း၊ အိမ်ကောင်း၊ ကားကောင်းနဲ့ကန်တိုမင်မှာနေတယ်။ တစ်နှစ်ကို ငွေ ၁၀၀၀ဝိတိတိကုန်ကျပါတယ်။ မောင့်ဆီက ဦးရစရာရှိတာကို ဆိုင်းရင်၊ အခြား ဦးငွေရစရာရှိတဲ့ လူများလည်း မောင့်လိုပဲ ဆိုင်းဖို့ပြောကြလိမ့်မယ်။ ဦးငွေမရရင် ဦးနေရာကို လက်လွှတ်ရလိမ့်မယ်"

"ဒါတော့ ကျွန်တော်မကြံတတ်ဘူး၊ ဦးမစောင့်နိုင်ရင် မရရုံဘဲရှိ

mgyoe.com

တာပဲ” ဟု မောင်ကောင်းက ပြောလေ၏။

“ဒီလိုဆို မောင်မှားတာပေါ့”

ဦးဘအောင်သည် ဝတုတ်သောလက်ညှိုးနှင့် စားပွဲကိုတီးခေါက်ကာ “ဒီလိုကွဲ့တူမောင်ရဲ့၊ ဦးမှာ နည်းလမ်းကလေးတစ်ခုရှိပါတယ်။ မောင့်ဇာတ်ညွှန်းဆိုတာကို ဦးစိတ်ထဲမှာနေရာကျဖို့ တစ်ခုအကြံရတယ်။ ဒီဟာကို ဦးဝယ်ချင်တယ်၊ ငွေနှစ်ဆယ်ပေးမယ်၊ ဘယ့်နှယ်လဲ သဘောကျရဲ့လား”

“ငွေနှစ်ဆယ်တည်းပဲလား ဦးရယ်”

“ငွေနှစ်ဆယ်နည်းသေးသလားကွဲ့။ ဒီဇာတ်ညွှန်း ဦးကိုပေးရင် ဒီငွေနှစ်ဆယ်အပြင် အိမ်လခတွေကိုလည်း ရှော်လိုက်မယ်။ စိတ်ကိုမဆိုးဖြတ်နဲ့ဦး၊ ဦးပြောတာကို သေသေချာချာ စဉ်းစားပြီးမှပြောပါ။ ဒီကနေ့ည ၆ နာရီအထိ မောင်ပြောဖို့အချိန်ရပါသေးတယ်။ ဒီဇာတ်ညွှန်းကိုအပြီးအပိုင်ကျုပ်ကိုရောင်းလိုက်တယ်ဆိုတဲ့စာကို ညနေ ၆ နာရီအတွင်းရေးလိုက်ရင် ငွေနှစ်ဆယ်ပေးပြီး အိမ်လခတွေကိုလည်း ရှော်ပစ်လိုက်မယ်” ထိုကဲ့သို့ပြောပြီးထလေ၏။ သို့ရာတွင် “ညနေ ၆ နာရီရောက်အောင် ၂နာရီအချိန်လောက်မှာ ရေးလိုက်တာပေါ့”ဟုပြောပြီး နှုတ်ဆက်၍ ထွက်သွားလေ၏။

ထိုဇာတ်ညွှန်းကို မောင်ကောင်းသည် နှစ်ဆယ်နှင့်ရောင်းဖို့စိတ်မကူး။ နှစ်ရာသုံးရာလောက်ရမည်ဟု စိတ်ကူး၍ထားလေ၏။ ယခုကား နှစ်ဆယ်နှင့်ပိုင်းရတော့မည့်အနေသို့ ရောက်၍နေလေ၏။ မောင်ကောင်းသည် တစ်ကိုယ်တည်း ထိုအကြောင်းကိုစဉ်းစား၍နေလေ၏။ ဦးဘအောင်အားနှစ်ဆယ်တည်းနှင့် ရောင်းရမည်ကို နှမြော၍နေလေ၏။ သို့သော် နှစ်ဆယ်ကိုမလိုချင်လျှင် တစ်စုံတစ်ရာရဖို့ မရှိကြောင်း တွေးမိလေ၏။ သို့သော် လုံးလုံးမရခြင်းထက်၊ နှစ်ဆယ်ရခြင်းက တော်သေးသည်ဟု သဘောရလေ၏။

တစ်စုံတစ်ရာကို မြန်မြန်လုပ်ဖို့ရှိ၏။ လှမောင်နှင့်မဖြစ်တော့သည့်အခြေအနေ၌ အခြားယူမယ့်လူတစ်ယောက်ကိုရှာဖို့ရန် အချိန်လည်း မရှိတော့ပေ။ ထိုငွေနှစ်ဆယ်ကိုရလျှင် အတော်အတန်အသုံးဝင်ဖို့ရှိသည်ဟု သဘောရလေ၏။ ဦးဘအောင်ဆီသို့ ဇာတ်ညွှန်းလွှဲအပ်သော စာကိုရေးပြီး၊

mgyoe.com

စာအိတ်ထဲ၌ထည့်၍ပိတ်၏။ ထိုစာ၌ ကန်တိုမင်ရပ်ဦးဘအောင်၏ လိပ်ကို တပ်လေ၏။ ထို့နောက် စိတ်ပင်ပန်းသောလက္ခဏာနှင့် စာကို စားပွဲပေါ်သို့ ပစ်၍ချလေ၏။ ဤကိစ္စမြန်မြန်ပြီး၍သွားလျှင် မြန်မြန်အေးမည်ဟု တွေးမိလေ၏။

ငင်းနောက် အလုပ်ခန်းအပြင်သို့ ထွက်ခဲ့လေ၏။

မေရီလည်း ထီးကိုကိုင်ကာ ထွက်၍လာလေ၏။

"မေရီ လက်ဖက်ရည်သောက် သွားမလို့လား"ဟု မေးလေ၏။

"ဟုတ်ကဲ့ ကိုကိုခွင့်ပေးရင်"ဟု ပြန်၍ ပြောလေ၏။

"ကိစ္စမရှိပါဘူး၊ ဘယ်အခါမဆို သွားနိုင်ပါတယ်"

"ကျွန်မပြန်တဲ့အခါ နည်းနည်းနောက်ကျရင် ဆူမှာလား"

"ပြန်မလာရင်တောင် ကိစ္စမရှိပါဘူး၊ သည်မှာလည်း လုပ်စရာမရှိပါဘူး၊ ကိုကို ကိုယ်တိုင်လည်းသွားမလို့ပါဘဲ။ ဩော်... ဒါထက် ကိုကို့မှာ စာအိတ်ခေါင်းမရှိဘူး။ စားပွဲပေါ်မှာ စာတစ်စောင်ရှိတယ်၊ ဒီစာကို ခေါင်းကပ်ပြီး မင်းအားရင် စာတိုက်မှာထည့်ခဲ့ပါ၊ ဒီစာအရေးကြီးတယ်"

ထို့နောက် မောင်ကောင်းသည် ထွက်၍သွားလေ၏။ ထိုသို့သွားရင်း "မေရီ မနေ့က ကိုကိုစိတ်ဆိုးသွားတယ်၊ စိတ်ဆိုးသွားတဲ့အတွက် ကိုကို စိတ်မကောင်းဘူး"ဟု မောင်ကောင်းက ပြောလေ၏။

မေရီက "ကိုကို စိတ်ဆိုးမယ်ဆိုရင် စိတ်ဆိုးထိုက်ပါတယ်။ ကျွန်မ သိပ်မေ့တတ်တာပဲ၊ အခု ဒီစာကိုတော့ မမေ့ပါဘူး"

မောင်ကောင်း လက်ဖက်ရည်သောက်သော ဆိုင်သည်ကား ပျဉ်ထောင်တစ်ခုခြား၍ ထားသောအခန်း ၂ ခုရှိသည့် ဆိုင်ဖြစ်လေ၏။ ထိုဆိုင်သည် လက်ဖက်ရည်နှင့် စားကောင်းသောက်ဖွယ်များစုံလင်ခြင်း၌ဂုဏ်ယူ၍ အဆောက်အဦ ခမ်းနားခြင်းကား ဂုဏ်မယူပေ။ ထိုဆိုင်သည်ကား ဗို့မြန်မာ လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်ဖြစ်လေ၏။

မောင်ကောင်းသည် ထိုဆိုင်၌ ထမင်းကြော်ကိုစား၍ နေလေ၏။ သို့ အမှတ်တမဲ့ စားနေခိုက်တွင် တစ်ဖက်အခန်းမှ မိမိကြားနေကျဖြစ်သော

mgyoe.com

mgyoe.com

အသံတစ်ခုကို ကြားမိလေ၏။

ထိုအသံကား "ညာတာပေါ့ကွယ်၊ ညာမှ လိုတာကိုရတာ"ဟူသော စကားသံဖြစ်လေရာ၊ ဦးဘအောင်၏ လေသံအပျော့စားဖြစ်ကြောင်းကို သိရလေ၏။

အခြားတစ်ယောက်က အဘယ်စကားကို ပြောသည်မသိ၊ တိုးတိုးသက်သာ ပြောသည်ကိုသာ ကြားရလေ၏။

"ငါလည်း ဒီကနေ့မနက်ပဲ ညာခဲ့ရတယ်၊ ငါနဲ့သိတဲ့ စာရေးဆရာကောင်ကလေးတစ်ယောက်ပေါ့။ သူ့ဓာတ်ညွှန်းတစ်ခုကို ငွေကလေးနှစ်ဆယ်တည်းနဲ့ ရလိုက်တယ်။ လူအ,ကလေးပဲ၊ ငါ့ဆီကို နွားကလေးတစ်ကောင်လိုပဲ ရောက်လာတယ်။ နှစ်ဆယ်ထက် ပိုပြီးတန်တာပေါ့။ ဒီနွားကလေးဟာ သူ့ဟာအဖိုးတန်မှန်း သူမသိဘူး။ ဒီတနင်္ဂနွေတစ်ပတ်အတွင်းက ဇမ္ဗူဒီပ လှမောင်ဆီသွားရင် ငွေ ၂၅၀၊ ၃၀၀ လောက်တော့ ဘတ်ခနဲရဘာပေါ့"ဟုပြောပြီး ရယ်မောကြလေ၏။ "ဒီလိုနွားကလေးမျိုး တစ်ကောင်လောက်ရမယ်ဆိုရင် လောကမှာ ဘာမှကြောက်စရာမရှိဘူး"

မောင်ကောင်းသည် ကြာကြာကြီးဆိုင်း၍နေချေက ဦးဘအောင်၏လည်ကို ညှစ်၍သတ်မိမှာစိုးသောကြောင့် ထမင်းအကြွင်းအကျန်များကို ပန်းကန်ပြား၌ ထားခဲ့ပြီး ထ၍သွားလေ၏။ ရှေးအခါက မောင်ကောင်းမှာ နွားဟူ၍ အခေါ်မခံခဲ့ရပေ။ ယခုသည်ကား ထိုကဲ့သို့အခေါ်ခံရသည့်အတွက် ဒေါသထွက်၍လာလေ၏။ မိမိနွားအခေါ်ခံရသည်မှာလည်း ဟုတ်မှန်သလိုလိုရှိရာ သာလွန်၍ ဒေါသဖြစ်မိလေ၏။ မေရီတစ်ယောက်သာ အားကိုးရာရှိတော့သည်ဟု စိတ်၌တွေးမိလေ၏။ မေရီသည် မေ့တတ်သူဖြစ်သည်မှာ အားကိုးရာတစ်ခုဖြစ်လေ၏။ ခါတိုင်းကဲ့သို့ မေ့၍နေလျှင် မျှော်လင့်ဖွယ်ရာ ရှိသေး၏။ ယခုလည်း မေရီတော့မေ့မှာပဲဟုအောက်မေ့ကာ စိတ်ကိုဖြေလေ၏။မောင်ကောင်းသည်အလုပ်တိုက်သို့ အဆောတလျင်သွားကာ လှေကားကို ပြေး၍တက်လေ၏။ မေရီထွက်၍သွားလေပြီ။ စာလည်း ပျောက်၍သွားလေပြီ။ မောင်ကောင်းသည် ကုလားထိုင်ပေါ်သို့ ကိုယ်ကို

mgyoe.com

ပစ်ချကာ ထိုင်လေ၏။ ဦးဘအောင်သည် ပိုင်၍သွားလေပြီ။ ဦးဘအောင်ကြီး ပိုင်သွားလေပြီ၊ စာကိုစာတိုက်၌ထည့်မိသည်နှင့် တစ်ပြိုင်တည်း မျှော်လင့်စရာမရှိတော့ပေ။ မောင်ကောင်းသည် ဦးဘအောင်၏ စိတ်ကို ကောင်းစွာသိ၏။ စကားပျစ်ပျစ်ချွဲချွဲ ပြောတတ်လျက် မိမိပိုင်နက်ထဲသို့ ရောက်သဖြင့် အုပ်မိသည့်အရာတစ်ခုခုကို လွှတ်တော့မည် မဟုတ်ဟူ၍ သိလေ၏။ ထိုအတောအတွင်း ၎င်း၏ဖောက်သည်များအနက်တစ်ယောက် ပေါ်လာသဖြင့် နောက်တစ်နာရီ၊ နှစ်နာရီ ဆိုင်၌ကြွဲကြာ၍နေလေ၏။ အတော်နေကျ၍ သွားလေ၏။ အတော်ကြီး ညနေစောင်းမှ တစ်ယောက်တည်းကျန်ရစ်လေ၏။ဆိုင်ကိုပိတ်ပြီး သွားတော့မည်အပြုတွင်တယ်လီဖုန်း ခေါင်းလောင်းသည် မြည်၍လာလေ၏။ မောင်ကောင်းသည် တယ်လီဖုန်းကို နားထောင်လိုက်သောအခါ "ဒါကိုကောင်းလား"ဟူသော အသံတစ်သံကို ကြားရလေ၏။ လှမောင်၏ ရုပ်ရှင်တိုက်မှ စာရေးမကလေး၏ အသံဖြစ်ကြောင်းကို သိရလေ၏။

မောင်ကောင်းသည် "ဟုတ်ပါတယ်"ဟု ပြန်၍ပြောလိုက်လေ၏။

"ကျွန်မ ကိုလှမောင်စာရေးပါ"

ထို့နောက် အသံသစ်တစ်ခုက "ကိုကောင်းလား အခုပြောတာကို လှမောင်လေ"

"အိုး ... ဩော် ဟုတ်ကဲ့"ဟု မောင်ကောင်းက ပြန်၍ပြောလေ၏။ ထို့နောက် လှမောင်ကဆက်၍ပြောသည်ကား၊ ခင်ဗျား သိသလား၊ မသိဘူးလားဆိုတာတော့ ကျုပ်မပြောတတ်ဘူး။ ကျုပ် ခင်ဗျားအတွက် ဘယ်တုန်းကမှ မလုပ်ဖူးတဲ့အရာတစ်ခုကို လုပ်နေတယ်။ ခင်ဗျားအလုပ်မှာစနစ်လိုတဲ့အတွက် ကျုပ်နဲ့ခင်ဗျား မဖြစ်နိုင်တော့ဘူးလို့ ကျုပ်ပြောဖူးတယ်မဟုတ်လား။ အခုကျုပ် စိတ်တစ်မျိုးပြောင်းသွားပြီ။ (လှမောင်၏အသံသည်ကား ထက်မြက်သွက်လက် ပြတ်သားသော အလုပ်အကိုင် အကြံအစည်သမားတို့၏ အသံဖြစ်လေ၏။ သို့သော်လည်း မိတ်ဆွေသင်္ဂဟများအပေါ်၌ထားသည့် ကောင်းမြတ်သောအသံ ဖြစ်လေ၏။)

mgyoe.com

မောင်ကောင်းက "အင်မတန် ကျေးဇူးတင်ပါတယ်ခင်ဗျာ"

"ကျုပ်ကို ကျေးဇူးမတင်နဲ့။ ခင်ဗျားလက်နှိပ်စက်ရိုက်တဲ့ စာရေးမကလေး မေရီကိုသာ ကျေးဇူးတင်ပါ။ သူ အခုတင်ပဲ ကျုပ်ဆီကိုရောက်လာတယ်။ ကျုပ်ကောင်မတွေ သူ့ကိုဆီးပြီးမတားတာ အံ့သြစရာပဲ။ ဒီကောင်မတွေဟာ မြွေင်နီးမတွေပဲ။ သူတို့မတားဆီးဘဲ ကျုပ်ဆီကိုဝင်ဖို့ အခွင့်ပေးလိုက်တာ အင်မတန်ထူးဆန်းတာပဲ။ ဒီကောင်မတွေကို ကနေ့စပယ်ရှယ်သင်ပြဖို့ခေါ်ထားတယ်။ ပြီးတော့လည်း ကျုပ်ကိုချော့ပြီး ပြောရှာတယ်။ ခင်ဗျားကို နောက်ဆုံးစမ်းပါဦးတဲ့။ ကျုပ်တစ်ခါမှ အချော့မခံခဲ့ရဖူး ပါဘူး။ ချော့တာတော့ ကောင်းပါရဲ့။ မိန်းမချောကလေးပေကိုး၊ အလွန်ချော တာပဲ။ အလုပ်ထဲမှာတော့ နေရာမကျပါဘူး။ ခင်ဗျား့ဇာတ်ညွှန်းအတွက် ကျုပ် ငွေ ၅၀၀ လက်ငင်းပေးမယ်။ ကားပြရာမှာလည်း ငွေတစ်ရာမှာ အစိတ်ခင်ဗျားရဦးမယ်။ ပြီးတော့ ကောင်မလေးက ခင်ဗျားဖြစ်ပျက်နေရတဲ့အကြောင်း အခက်အခဲတွေဟာ ခင်ဗျားအပြစ်မဟုတ်ပါဘူး။ သူ့အပြစ်တွေပါလို့ ရှင်းလင်းပြီးပြောရှာတယ်။ ကျုပ်ပြောတဲ့ ဈေးကတော့ အခိုင်အမာပါ။ ခင်ဗျားလည်း လက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"ဟုတ်ကဲ့၊ ကိုလှမောင်ပြောပြတာဟာ လက်မခံနိုင်စရာ အကြောင်းမှ မရှိပါဘဲ။ ဒီဈေးနဲ့ဆိုရင် ကိုလှမောင်ကို အများကြီးကျေးဇူးတင်ပြီး လက်ခံပါတယ်။ ဒါပေမဲ့ တစ်ခုက ခက်တယ်"

"ဘာခက်တာလဲ"

"ကျုပ် ဒီဇာတ်ညွှန်းကို ကိုဘအောင်ကြီးကို ရောင်းပြီးပြီ၊ စာနဲ့ရေးပြီးရောင်းလိုက်ပါတယ်"

"ဒီလူနဲ့ ခင်ဗျား တစ်နည်းနည်းနဲ့ နေရာတကျပြန်ဖြစ်အောင် မစီမံနိုင်ဘူးလား၊ သူ့ဆီကပြန်ဝယ်ရင် မဖြစ်ဘူးလား"

"ကျုပ်နေရာကျအောင်လုပ်နိုင်ပါတယ်"ဟု မောင်ကောင်းကပြောလေ၏။(သို့ရာတွင်ဦးဘအောင်ထံမှပြန်ရရန်မျှော်လင့်ဖွယ်မရှိကော့ချေ)

"ဒီမှာ ကိုကောင်း၊ ခင်ဗျားကို တစ်ခုပြောချင်တယ်၊ ခင်ဗျားကောင်မ

mgyoe.com

mgyoe.com

လေးကိုခင်ဗျားယူဖို့အကြံပေးတယ်ဗျာ။ သူ့ကိုယူပြီးတော့တခြား(တိုက်ပစ်) တစ်ယောက်ကို ငှားတာပေါ့"

မောင်ကောင်းသည် ဟားဟားဟားဟားနှင့် စိတ်မပါ့တပါနှင့် ရယ်မောလိုက်ရလေ၏။

"ဒီမယ် ကိုကောင်း၊ ခင်ဗျားဇာတ်ညွှန်းကို ပြန်ပြီး တစ်နည်းနည်းနဲ့ ရအောင်ဝယ်ယူ။ ဒါပဲ၊ ကျုပ်အချိန်မရဘူး၊ တစ်ရက် နှစ်ရက်အတွင်း စကား ပြန်"ဟုပြောကာ ကိုလှမောင်သည် တယ်လီဖုန်းကို ချလိုက်လေ၏။

မောင်ကောင်းသည် တယ်လီဖုန်းကို ပြန်၍ချထားကာ ဒါကခက် တယ်။ဦးဘအောင်ကြီးဆီကိုလည်း စာနဲ့ရေးပြီး ရောင်းထားပြီးပြီ။ သူ့ဆီက ဒီဇာတ်ညွှန်းကို ပြန်ဝယ်လို့လည်းရမည်မဟုတ်ဟု တွေးတောကာ အကြံကျပ် နေလေ၏။

ဦးဘအောင် စာကို ရချင်မှရဦးမယ်၊ သို့မဟုတ် တစ်နည်းနည်းနဲ့ ထိုစာကို ဦးဘအောင်မရမီ ကြားဖြတ်၍ယူနိုင်ရင် ရချင်ရမှာပဲဟု အတွေး ထုတ်ပြန်လေ၏။

ထိုအကြံသည်ကား အားမရစရာကြီးဖြစ်လေ၏။ သို့သော်လည်း စမ်း၍ကြည့်လျှင် ဖြစ်ကောင်းဖြစ်မှာပဲဟု တွေးမိလေ၏။

စာတိုက်ကို တယ်လီဖုန်းနှင့် မေး၍ကြည့်ရာ ညနေ ၆ နာရီမှာ ထိုစာ ကန်တိုမင်ကိုရောက်မည်ဟု စာတိုက်မှ စကားပြန်လိုက်လေ၏။

အချိန်မှာမီရုံရှိလေ၏။ ဦးဘအောင်၏အိမ်သည် သားနားသောအိမ် ဖြစ်လေ၏။ သားနားသောခြံကြီးအတွင်း ကျကျနန သားနားစွာဆောက်၍ ထားလေ၏။ တံခါးဝ၌ မောင်ကောင်းသည် ခဏမျှရပ်၍နေလေ၏။ မောင်ကောင်းသည်အလည်ထွက်ရန်ကြံစည်နေသောအိမ်သားတစ်ယောက် ကဲ့သို့ မော်တော်ကားလမ်း၌ရပ်ကာ ဟန်ဆောင်ပြီး၊ စာပို့ကုလားလာသော အခါ စာများကိုခံယူရန် စိတ်ကူးလေ၏။ ထိုအကြံသည်အစကပင်လွဲ၍ သွား၏။ အကြောင်းမူကား တံခါးကိုဝင်လျှင်ဝင်ချင်း စာပို့ကုလားသည် စာပေးပြီး ပြန်၍ထွက်လာသည်ကို မြင်ရလေ၏။ နောက်လမ်းနံဘေးရှိ

mgyoe.com

mgyoe.com

သစ်ပင်များအကွယ်မှ အိမ်အထိလျှောက်၍သွားလေ၏။ ထိုစာများကို ဦးဘအောင်မရမီ ပြန်၍ရလိမ့်ဦးမည်ဟု မျှော်လင့်၍သွားလေ၏။ စာကို မရလျှင် ဇာတ်ညွှန်းကို ပြန်၍ရောင်းရန် တိုက်တွန်းမည်ဟု ကြံစည်လေ၏။ ပန်းရုံများအကွယ်မှ ချောင်း၍ကြည့်လေ၏။ မိမိရှေ့၌ရှိသောပွင့်၍နေသော ပြတင်းပေါက်မှ သားနားစွာ ခင်းကျင်းထားသော အခန်းတစ်ခုကို တွေ့ရလေ၏။ မကြာမီအတွင်း တံခါးကိုဖွင့်ပြီး၊အစေခံတစ်ယောက်သည် စာများကို လက်တွင်ပွေ့ပိုက်၍ ဝင်သွားလေ၏။ ထို့နောက်အခန်းထဲကို ဖြတ်သွားပြီး ပြတင်းပေါက်အနီး စားပွဲပေါ်၌ စာများကိုချ၍ ထွက်သွားသည်ကို မြင်လိုက်ရလေ၏။ ဤကား မိမိ၏အချက်ဖြစ်သည်ဟု တွေးမိလေ၏။ မောင်ကောင်းသည်အသံမပြုဆိတ်ငြိမ်စွာ ကျောက်ခဲလမ်းကလေးကို ဖြတ်ကူးပြီး ပြတင်းပေါက်မှ အခန်းထဲသို့ဝင်သွားလေ၏။ ခြေနှစ်လှမ်းမျှ သွားပြီး၊ စားပွဲပေါ်ကစာများကိုယူ၏။ ထိုစာများအထဲမှ မိမိရေးသားထားသောစာကို ရွေးချယ်ဖို့သာရှိတော့လေ၏။ သို့ရာတွင် မရွေးရသေးဘဲ လက်ထဲတွင် စာတွေအကုန်လုံး စုကိုင်ထားမိရက်သားဖြစ်နေစဉ် ...

"ဟား ဟား ဟား မင်းရောက်လာတာ ဝမ်းသာတယ်"ဟု ဦးဘအောင်၏ သဘောကောင်းသောအသံကို ကြားရလေ၏။

မောင်ကောင်းသည် နောက်သို့လှည့်၍ကြည့်လေ၏။ ၎င်း၏ဖောင်းပွသောမျက်နှာသည် ခါတိုင်းကဲ့သို့ ရွှင်ပျသောအမူအရာရှိလေ၏။ အဲဒါ သူခိုးအတတ်ကို စ, သင်စလက်ပဲ။

မောင်ကောင်းက "သည်မှာဦးဘအောင်ရဲ့ မတော်ဘူးထင်တယ်၊ အများကြီးမတော်တာဘဲ။ ကျွန်တော့်စာကိုပဲ ပြန်ယူချင်တယ်။ ကျွန်တော်ဟာ လူအ၊ လူနုံဖြစ်တယ်ဆိုတာ သိပ်မှန်တာပါပဲ။ နေ့လယ်စာ စားခိုက်မှာ ခင်ဗျားပြောတဲ့ စကားကို ဟိုလက်ဖက်ရည်ဆိုင်မှာ ကျုပ်ကြားမိတယ်။ သို့သော်လည်း ကျုပ်ကိုလိမ်လို့ ရမယ်မဟုတ်ဘူး"

"ဒီစကားကို မသုံးပါနဲ့"ဟု ဦးဘအောင်က ပြောလေ၏။

ထိုအတွင်း အစေခံသည် ဝင်ရောက်၍လာလေရာ ၎င်းအစေခံအား

mgyoe.com

ပုလိပ်ကို တယ်လီဖုန်းနဲ့ခေါ်လိုက်ရန် ပြောလေ၏။

ထို့နောက် မောင်ကောင်းဘက်သို့လှည့်ကာ "မင်း ဟိုစာတွေကို မင်းယူတဲ့နေရာမှာ ပြန်ထားလိုက်ပါ။ မင့်သဘောလေ သို့မဟုတ်ရင်လည်း မင်း ဒီစာတွေကိုယူပြီး ဒီပြတင်းပေါက်က ထွက်သွားနိုင်တယ်။ သို့သော်လည်း မင်းထွက်သွားရင် နက်ဖြန်ခါ မင့်အလုပ်တိုက်ကို ပုလိပ်များလာလိမ့်မယ်၊ ပုလိပ်များလာရင် အင်မတန်ဆိုးမှာပဲ"

မောင်ကောင်းသည် စာများကို စားပွဲပေါ်သို့ပစ်၍ချ၏။

ဦးဘအောင်သည် ထိုစာများကို ကောက်၍ယူ၏။

"ဦးဘအောင် ခင်ဗျား ကျုပ်စာကို ပြန်ပေးရင် ငွေဘယ်လောက်ယူမလဲ"

"တစ်ပြားမှမယူပါဘူး။ မင့်စာဟာ စာချုပ်ပဲ၊ ဒီစာချုပ်ဟာ ဒီမှာရှိတယ်။ ဒီစာချုပ်ကို မင်း မဖျက်နိုင်ပါဘူး"ဟု စာများကို လက်နှင့်ပုတ်ကာ ပြောလေ၏။

"ဒီလိုဖြင့် ခင်ဗျား လိမ်တာပေါ့"

"ဒီစကားကို မသုံးပါနဲ့၊ ဦးမကြိုက်ဘူးလို့ ပြောတာပဲ။ ဒီအလုပ်မှာ အလိမ်မပါဘူး၊ ပစ္စည်းတစ်ခုကို လျှော့စျေးနှင့် မင်းရောင်းရင် ဝယ်တဲ့လူက လိမ်တာလား အစကမသိဘူးလား။ ငါက ဥပဒေအချက်ပိုင်နေတာ"ဟု ပြောလေ၏။

မောင်ကောင်းက ပြုံးလေ၏။

"မင်း ပြန်ချင်ပြီထင်တယ်၊ မင်းပြန်ချင်ရင် ဦးမှာကားရှိတယ်"ဟု ဦးဘအောင်က ပြောလေ၏။

"ခင်ဗျားကား ဘာလုပ်ဖို့လဲ"ဟုပြောပြီး ပြတင်းပေါက်မှ ထွက်သွားလေ၏။ အိမ်ထောင့်သို့ကွေ့၍အသွားမှာ တစ်စုံတစ်ယောက်နှင့် တိုက်မိလေ၏။ အတိုက်ခံရသောသူသည် နောက်ကိုခုန်ကာ ဆုတ်၍သွားပြီး လေးထောင့်သဏ္ဌာန်ရှိ ဖြူသောအရာတစ်ခု ၎င်း၏လက်မှမြေပေါ်သို့ လွတ်၍ကျလေ၏။ မောင်ကောင်းသည် အံ့အားသင့်လျက် "မေရီ၊ မင်း

mgyoe.com

mgyoe.com

ဒီမှာ ဘာလာလုပ်နေသလဲ”ဟု ပြောလေ၏။

“ကိုကို့စာအတွက် လာတာပါ”ဟုပြောပြီး ထိုစာကို ကောက်၍ယူလျက် “ကိုကို ဦးဘအောင်ထံ အပေးခိုင်းတဲ့စာပါ။ ကျွန်မ မေ့နေလို့ စာတိုက်မထည့်မိဘူး။ သည့်အတွက် ကိုယ်တိုင်ယူလာတာပါ။ သည်စာကို အိတ်ထဲထည့်ပြီး ကိုလှမောင်ဆီသွားလို့ စာထည့်ဖို့မေ့နေတယ်”

“မင်း စာတိုက်ကို မထည့်မိဘူးလား”

“မထည့်မိဘူး”

“တော်ပါသေးရဲ့၊ ငါ့ကိုပေးပါ”

မေရီက စာကိုပေးလေ၏။

မောင်ကောင်းက စာကိုဆုတ်၍ပစ်ပြီး မိမိ၏အိတ်ထဲသို့ ထည့်လိုက်လေ၏။

“အို၊ ကိုကို ဒီစာကိုဆုတ်ပစ်သလား”

“ဆုတ်တာပေါ့”ဟု ကျေနပ်သောအသံနှင့် ပြန်၍ပြောလေ၏။

“ဒီလိုဖြင့် ကျွန်မ ကိုလှမောင်နဲ့ကိစ္စဟာ ချောမောသွားတာပေါ့။ ဒီလိုဖြင့် ကျွန်မကို အလုပ်ကမဖြုတ်တော့ဘူးလား။”

“မင်းမေ့ရင် အလုပ်ကထွက်ရမယ်လို့ ကိုကိုပြောထားတယ် မဟုတ်လား။ သို့သော်လည်း တခြားအလုပ်တစ်ခု ရစေမယ်”

“ဘာအလုပ်လဲ ကိုကို”

“ကိုလှမောင် အကြံပေးတဲ့အလုပ်ပေါ့”

ထို့နောက် မောင်ကောင်းသည် မျက်နှာကို ပြုံးဖြဲဖြဲကြီးထားကာ “မင်းကိုကိုနဲ့လက်ထပ်ရမယ်တဲ့”ဟု ထစ်ထစ်အအနှင့် ကိုလှမောင်၏ အကြံပေးချက်ကို ပြောပြလေ၏။

မေရီသည် ခေါင်းကလေး အောက်သို့ငုံ့ပြီး မြေကြီးကိုခြေမနှင့် ခြစ်ကာ ရှက်မူရှက်ရာနှင့် (ကိုလှမောင်က သူ့ကိုလည်းဖိတ်ပါလို့ ကျွန်မကို မှာလိုက်တာ ဒါကိုး...)ဟု တိုးတိုးကလေး ပြောလေ၏။

မောင်ကောင်းသည် မေရီ၏လက်ကိုဆွဲကိုင်ပြီး “လာ သွားကြစို့၊

mgyoe.com

ဒီစာအကြောင်းကို လန်ချားပေါ်ကျမှပြောမယ်"ဟု ပြောလေ၏။

လန်ချားပေါ်သို့ ရောက်သောအခါ "မင်း စာကို ဟိုလူကြီးထံမထည့်လိုက်သည့်အတွက် ကိုကို သိပ်ဝမ်းသာတာပဲ"ဟု မေရီ၏လက်ဖျားကလေးကို ကစားရင်း ဆုပ်နယ်ကာ ပြောလေ၏။

"ကျွန်မလည်း သိပ်ဝမ်းသာတာပဲ။ ဒီလိုဖြင့် ကိုလှမောင်နဲ့ ကိစ္စချောမောသွားတာပေါ့"

"အေး ... ဒါ မင့်ကျေးဇူးပဲ"

"ကိုလှမောင်နဲ့ ကျွန်မနဲ့အင်မတန်လေပေးဖြောင့်တာပဲ၊ ကိုလှမောင်က သူ့ကိုဖိတ်ပါလို့ ကျွန်မကိုပြောတယ်"

"ငါတို့ မင်္ဂလာဆောင်ကိုလား"

"ဟုတ်ပါတယ်၊ ကိုကိုနဲ့ မေရီနဲ့ မင်္ဂလာဆောင်ကိုပါတဲ့"ဟု နှုတ်ခမ်းကလေးစူကာ ငေါ့လိုက်ရင်း "တယ်၊ ထပ်တလဲလဲ ကြားချင်နေမှတ်တယ်"ဟု အံကိုခဲကာမချင့်မရဲမျက်နှာပေးကလေးနှင့် ပြောလိုက်သဖြင့်၊မောင်ကောင်း၏နှလုံးနှင့် အတွေ့ကြီးတွေ့သွားကာ၊ "ဒီလိုမျက်နှာပေးမျိုးတွေကြောင့် အလုပ်က ထုတ်မပစ်ရက်တဲ့အပြင်၊ မောင်ကောင်းကတော်ဆိုတဲ့ ရာထူးနဲ့တစ်သက်လုံး ချီးကျူးပြီးထားဖို့ ကြံထားရတာ"ဟု အားပါးတရ ပြောရင်း မေရီအားကျုံး၍ တအားဖက်လိုက်ရာ မေရီမှာ အင့်ခနဲဖြစ်သွားသည့်အပြင် မော်ကြီးပန်းကြီးနှင့် တအားဆွဲကာ ပြေးသွားလျက်ရှိသော လန်ချားကုလား၏လက်မှ လန်ချားလက်ကိုင်သည်လည်း လွတ်ထွက်၍သွားသဖြင့်၊ လန်ချားသည် ကျွမ်းဆောင့်ခါသွားပြီး နှစ်ယောက်သားဖက်ရက်လမ်းဆောသို့စင်ကျကာ ဖုတ်ဖက်ခါ၍ထကြရင်း တစ်ယောက်ကိုတစ်ယောက် ဖေးမထူတွဲလျက် မိမိတို့ပိုင်စာအုပ်ဆိုင်သို့ ရှေးရှုကာသွားကြလေသတည်း။

(လက်ရွေးစင်မဂ္ဂဇင်း၊ ဇွန်၊ ၁၉၃၉ ခုနှစ်။)

❑

mgyoe.com